
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# လူကောင်းစုံ၊ ဘဝကောင်းစုံ၊ ဒုက္ခကောင်းစုံ

## သာထက်အောင်



mgyoe.com

[ ခရီးသွား အတွေ့အကြုံနှင့်
အယူအဆ ဆောင်းပါးများ စုစည်းမှု ]

mgyoe.com



“ ဒါကြောင့် ရွှေမြန်မာလူငယ်များကို ပြောပါရစေ၊ မျိုးချစ်စိတ်ရှိပါ။ ဇာတိမာန်ကြွပါ။ ပါးစပ်ကြီးနဲ့ မျိုးချစ်စိတ်ရှိတာ၊ ပါးစပ်ကြီးနဲ့ ဇာတိမာန် တက်ကြွတာ လွယ်ပါတယ်။ တစ်ကမ္ဘာလုံး အထင်ကြီးတဲ့တိုင်းပြည်၊ တစ်ကမ္ဘာလုံးက လေးစားတဲ့ လူမျိုးဖြစ်အောင် လုပ်ဖို့ဆိုတာကတော့ အတော်ခက်ပါတယ်။

အချိန်ခဏလေး စောင့်ပါ။ ဆန္ဒတွေ မစောပါနဲ့ဦး။ မြန်မာနိုင်ငံသား လူငယ်တွေ ပြည်ပကျွန်ခံရ၊ အမျိုးသမီးတွေ အိမ်ဖော်ထွက် လုပ်ရတဲ့ဘဝက ကျွတ်ပြီး ကျွန်တော်တို့ မလုပ်ချင်တဲ့ အလုပ်ကြမ်းတွေ၊ အိမ်ဖော်အလုပ်တွေကို တန်ဖိုးရှိလှတဲ့ မြန်မာ “ကျပ်ငွေ” ငမ်းငမ်းတက် လိုချင်လို့ အလုပ်လာရှာကြတဲ့ နိုင်ငံခြားသားတွေကို လက်ညှိုးထိုး ခါးထောက်ခိုင်းနိုင်တဲ့ ဘဝ ရောက်ပြီဆိုရင် “မြန်မာကွ” လို့ ကျွန်တော် လက်မ ထောင်နေမှာပါ။ ”

ISBN 9789997119957
NWI36
9 789997 119957
2,000.00KS

mgyoe.com

လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ၊ သာထက်အောင်
စာမျက်နှာ ၁၁၀ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| - | အမှာစာ | ၁ |
| - | ကျေးဇူးစကား | ၇ |
| ၁။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၁ ] | ၉ |
| ၂။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၂ ] | ၁၄ |
| ၃။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၃ ] | ၁၉ |
| ၄။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၄ ] | ၂၅ |
| ၅။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၅ ] | ၃၀ |
| ၆။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၆ ] | ၃၈ |
| ၇။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၇ ] | ၄၄ |
| ၈။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၈ ] | ၅၂ |
| ၉။ | လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၉ ] | ၆၂ |
| ၁၀။ | တိုင်းပြည်ရဲ့ ပုံရိပ်၊ လူမျိုးရဲ့ ဂုဏ်သိက္ခာ | ၆၉ |
| ၁၁။ | အနုမြူပုံးထက်ဆိုးသော | ၇၄ |
| ၁၂။ | တန်ဖိုးသိတဲ့သူနဲ့ တန်ဖိုးရှိတဲ့လူ | ၇၉ |
| ၁၃။ | နင် ထမင်းကိုမုန်းပြီလား | ၈၄ |

mgyoe.com

mgyoe.com


၁၄။ ပျော်ပါသော်ကော ဒုက္ခကမ္ဘာ ၈၈

၁၅။ ဇာတ်ခုံပေါ်က "ငိုချင်း" နဲ့ ဇာတ်ခုံအောက်က "ငိုခြင်း" ၉၂

၁၆။ ရွှေခွက်ကို မြေခွက်လို့ ထင်ရဲတဲ့သူ ၉၇

၁၇။ စနစ်ကောင်းလျှင် ဆယ်အိမ်ခေါင်းမလိုပါ ၁၀၁

၁၈။ ခြစားတဲ့အိမ် ၁၀၇


❖

mgyoe.com

mgyoe.com

# အမှာစာ

အခု ကျွန်တော်လက်ရှိနေထိုင်တဲ့ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ နေ့စဉ် ၂၄ နာရီပတ်လုံး ထုတ်လွှင့်နေတဲ့ တီဗွီလိုင်းပေါင်းများစွာ ရှိပါတယ်။ အဓိကလိုင်းကြီးတွေဖြစ်တဲ့ ချန်နယ် ၇– ၉– ၁၀ ABC, sbs တို့က လွှင့်တဲ့သတင်းတွေ လက်လှမ်းမီ အချိန်ရသလောက် ကြည့်ဖြစ်ပါတယ်။ ဒါ့အပြင် မနက်စောစော နိုးတတ်တော့ ဂျပန် ၊ဟောင်ကောင်၊ ဂျာမန်၊ ပြင်သစ်၊ တရုတ်၊ အယ်ဂျားဇီးယားတို့က အင်္ဂလိပ်ဘာသာနဲ့ လွှင့်တဲ့ ကမ္ဘာ့သတင်းတွေလည်း လက်မလွတ်ပါဘူး။ မနေနိုင်လို့သာ ကြည့်ရတာ၊ ကြည့်ပြီးရင် စိတ်မသက်မသာ ဖြစ်ရပါတယ်။ စစ်ဖြစ်လို့ ပြေးကြလွှားကြ၊ သေကြကျေကြတာတွေ၊ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ငလျင်လှုပ်လို့၊ ရေကြီးလို့၊ မြေပြိုလို့ အတုံးအရုံး သေကြတာတွေ၊ အငတ်ဘေးဆိုက်နေတဲ့ တိုင်းပြည်တွေ၊ တောမီးတဟုန်းဟုန်း လောင်နေတာတွေ အနိဋ္ဌာရုံတွေပဲ များပါတယ်။

အဲသလို စိတ်ဆင်းရဲစရာသတင်းတွေကြည့်ရင်း တစ်လောလေးက သတင်းတစ်ပုဒ်ကြောင့် စိတ်မကောင်း အတော်ဖြစ်လိုက်ရပါတယ်။ အအေးခန်းထဲလှောင်ပိတ်ပြီး လူ ၃၉ ယောက်တင်လာတဲ့ ထရပ်ကား တစ်စီးကို အင်္ဂလန်မှာ ဖမ်းမိပါတယ်။ လူကုန်ကူး ခိုးဝင်လာတဲ့ကားကို စစ်လိုက်တော့ အားလုံး အသက်ပျောက်နေပါပြီ။ ကနဦးသတင်းက တရုတ်နိုင်ငံသားတွေလို့ ထင်ထားရာက သေသေချာချာစစ်လိုက်တော့ ဗီယက်နမ်နိုင်ငံသားတွေ ဖြစ်နေပါတယ်။ ဘယ်နိုင်ငံသားပဲဖြစ်ဖြစ် သူတို့

mgyoe.com

mgyoe.com


ဟာ လူတွေ။ အမျိုးသမီးတွေတောင် ပါသေး။ ဒီလိုသတင်းမျိုးတွေ ထိုင်းဘက်မှာ လူခိုးသွင်းရင်း အသက်ရှုကျပ်ပြီး မွန်းသေကြတာ မကြာခဏကြားရပါတယ်။ အင်း..... လက်ရှိဘဝက အခက်အခဲဒုက္ခတွေကို မခံစားနိုင်လို့ တစ်ရပ်တစ်ကျေး စွန့်စားထွက်လာမှ အသေဆိုးနဲ့ ကြုံရရင် ဘယ်နိုင်ငံသားဖြစ်ဖြစ် စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရပါတယ်။

ဗီယက်နမ်စစ်ကြီးပြီးခါစက ဗီယက်နမ်တွေလှေနဲ့ ပင်လယ်ကိုဖြတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးကို ခိုလှုံကြလို့ boat people အမည်နဲ့ ထင်ရှားခဲ့ဖူးပါတယ်။ ခုလည်းပဲ အာဖရိကကဒုက္ခသည်တွေ လှိုင်းကြားလေကြားကလေးတစ်ဖက်နဲ့ ဥရောပဘက် ခိုးဝင်လာကြတော့ သေသူသေ ရှင်သူရှင်ပေါ့လေ။ ရွှေပြည်ကြီးက အကြောင်းအမျိုးမျိုးနဲ့ ပြည်ပကို တရားမဝင်ဘယ်လောက်ရောက်နေသလဲ ဆိုတာလည်း ဘယ်သူမှ အတိအကျ မပြောနိုင်ပါဘူး။ သတ္တဝါတို့မည်သည် ခံနိုင်ရည်ထက်ကျော်လာရင် ရုန်းထွက်စမြဲပါပဲ။ ကျွန်တော့်အောက် အသက် ၃၀ ကျော်ငယ်တဲ့ တူလိုသားလိုနေတဲ့ လူငယ်လေးတစ်ယောက်က တစ်ခါက မေးဖူးတယ်။ ။ ဦး... လောကမှာ လူရယ်လို့ဖြစ်လာရင် ဘာအရေးကြီးဆုံးလဲတဲ့။ ကျွန်တော်လည်း ပါးစပ်က မဖြေတော့ဘဲ ဗိုက်ကိုပဲ ပုတ်ပြလိုက်ပါတယ်။

"ဦး ဆိုလိုတာက ဝမ်းရေးပေါ့"

"ဒါပေါ့မောင်ရာ၊ လောကမှာ လူရယ်လို့ဖြစ်လာပြီး ဆက်လက် အသက်ရှင် ရပ်တည်ဖို့ဆိုတာ ဝမ်းမီးလေးငြိမ်းမှ။ ကောင်းတာညံ့တာ အသာထား၊ တစ်နေ့ ထမင်းလေးနှစ်နပ်မှ ပုံမှန်မစားရတော့ဘူးဆိုရင်... ငတ်တစ်လှည့်ပြတ်တစ်လှည့်ဆိုရင်... အဲဒီလူ ပုံမှန်မဟုတ်တော့ဘူး။ လူဟာ ငတ်လာရင် သိပ်ရင်လည်း ကြောက်သွားတတ်တယ်၊ သိပ်ရင်လည်း မိုက်သွားတတ်တယ်။ ဒါ့ကြောင့် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ အာဏာရှင်မဟုတ်တဲ့ နိုင်ငံတွေမှာ သူတို့နိုင်ငံသားကို ဘယ်တော့မှ အငတ်မထားဘူး။ ပင်စင်နာဆို ပင်စင်လစာ၊ အလုပ်မရှိဘူးနော် စားဖို့ နိုင်ငံတော်က ထောက်ပံ့ထားရတယ်။ နာမကျန်းဖြစ်မယ်၊ ဒုက္ခိတဖြစ်မယ်၊ ယောက်ျားကစွန့်သွားလို့ ကလေးတစ်ပြုံတမနဲ့ ဒုက္ခရောက်နေမယ်ဆိုရင် အစိုးရက ကြည့်ရှုစောင့်ရှောက်ရတယ်။ အဲသလို နိုင်ငံတော်က မကြည့်ဘဲပစ်ထားရင်... လူဆိုတာ ငတ်

mgyoe.com

mgyoe.com


လာရင် ကြုံမိကြုံရာ ကြုံတော့မှာ။ရာဇဝတ်မှုကျူးလွန်ဖို့ ဝန်မလေးတော့ဘူး၊ ပတ်ဝန်းကျင်နဲ့ လူအဖွဲ့အစည်းကို ဒုက္ခပေးတော့မှာ။ဒါ့ကြောင့် လူရယ်လို့ ဖြစ်လာရင် သမ္မာအာဇီဝကျကျဘဝနဲ့ ရှင်သန်နိုင်ဖို့ survive ဖြစ်ဖို့ အရေး အကြီးဆုံးပဲ။

ဆင်းရဲတဲ့နိုင်ငံတွေမှာ ဘယ်သူ့ရဲ့ အကူအညီ အထောက်အပံ့မှ မရတဲ့ အခါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်သန်အောင် ကြိုးစားရတယ်။ ငုတ်တုတ် ထိုင် အငတ်ခံနေမယ့်အစား ရေကြည်ရာမြက်နုရာကို ရှာကြံလာကြရတော့ တယ်။ ယနေ့ ထိုင်းမှာ တရားဝင်၊ တရားမဝင်ရောက်နေတဲ့ မြန်မာပြည် တစ်နံတစ်လျားက အားကောင်းမောင်းသန် ရွှေမြန်မာ လေး ငါး သန်းဟာ အပျော်ခရီး ထွက်လာကြတာ မဟုတ်ပါဘူး။ မတတ်သာတဲ့အဆုံး ကိုယ့် အရပ် ကိုယ့်မိသားစုကိုခွဲပြီး သူများနိုင်ငံမှာ မျက်နှာငယ်ငယ်နဲ့ တစ်ဝမ်း တစ်ခါးအတွက် ကြိုးစားနေတဲ့သူတွေပါ။ စင်ကာပူမှာ ကြုံရာကျပန်း အလုပ်ကြမ်းလုပ်ဖို့ ဟိုကခေါ်နိုး၊ သည်ကခေါ်နိုးနဲ့ မျှော်နေကြတဲ့ မြန်မာ အလုပ်သမားလေးတွေဟာ တကယ်တော့ ကိုယ့်အရပ်မှာ ရေမကြည်မြက် မနုလို့ဆိုတာ မေးစရာမလိုပါဘူး။ အညာမှာ မြေပဲနုတ်၊ ထန်းတက်၊ ဆိတ် ကျောင်း၊ သိုးကျောင်းနေလို့ တစ်ဝမ်းတစ်ခါးမလှတဲ့အခါ ပြည်ပမှာ သွား လုပ်ရင် စားပြီးသောက်ပြီး တစ်လ သုံး လေး သိန်း အိမ်ပြန်ပို့နိုင်တယ်လို့ တစ်စုံတစ်ယောက်က လာဆွယ်ရင် တော်တော့်လူ တောင့်မခံနိုင်ပါဘူး။ ဖြစ်ခါမှဖြစ်ရော၊ သေခါမှသေရော ဆိုပြီး စွန့်စားကြတော့တာပေါ့။ ဒီလိုနဲ့ လူကုန်ကူးခံရမှန်းသိတဲ့အချိန်မှာ တရုတ်မယား ဖြစ်သွားပြီ။ တချို့လည်း မျက်စိသူငယ် နားသူငယ်နဲ့ ထိုင်းနယ်စပ်က ပြည့်တန်ဆာခန်းမှာ ဘဝ ပျက်ကြရရှာတယ်။ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်က ငါးဖမ်းလှေပေါ် ကျွန်တစ်ယောက်လို ရောင်းအစားခံလိုက်ရတဲ့ အဖြစ်တွေဟာ ဇာတ်နာ အောင်ရေးထားတဲ့ ဝတ္ထုတွေ မဟုတ်ပါဘူး။

မြန်မာစကားမှာ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ အူမတောင့်မှ သီလစောင့်နိုင် တယ် ဆိုတဲ့ စကားတွေဟာ လူတစ်ယောက်အတွက် ဝမ်းရေး၊ ဘယ် လောက်အရေးကြီးကြောင်း ညွှန်းဆိုတဲ့စကားပဲ မဟုတ်လား။ဗုဒ္ဓဘာသာ လွှမ်းမိုးတဲ့ တိုင်းပြည်မှာ ဘုရားရှင်ရဲ့ တရားဓမ္မတွေနဲ့ အလှမ်းမဝေးလှ

mgyoe.com

mgyoe.com


ပါဘူး။ ရှင်တော်မြတ်ဘုရားကတောင် ဝမ်းတစ်ထွာကိစ္စ ဘယ်လောက် အရေးကြီးကြောင်း ဟောပြောခဲ့ဖူးတယ်ဆိုတာလေး ဖျာပုံတိုက်သစ် ဆရာတော် အရှင်ဩဘာသာဘိဝံသရဲ့ သုတေသနသမ္မာမဂ္ဂင်ပညာကျမ်း ထဲက စာပိုဒ်အချို့ကို ဒီနေရာမှာ တိုက်ဆိုင်လို့ မျှဝေပြပါရစေ။

ဒကာ။ ။ အနာမျိုး ၉၆ ပါးထဲမှာ လူသားတွေကို အနှိပ်စက်ဆုံး၊ အဆိုးဝါးဆုံး၊ နေ့ရှိသမျှ နှိပ်စက်နေတဲ့ ရောဂါမျိုးကို ဗုဒ္ဓဘုရား ဟောကြားချက်များ ရှိပါသလား ဆရာတော်။

ဆရာ။ ။ ခုမေးတဲ့ ၉၆ ပါး အနာတွေက ဒါလောက် မဆိုးပါဘူး၊ ဆေးကုလို့ ရပါသေးတယ်။ အဲဒီအထဲမှာမပါတဲ့ ရောဂါဆိုးတစ်မျိုး ရှိတယ်၊ အဲဒီရောဂါကတော့ ဆေးကုလို့ကို မပျောက်နိုင်ဘူး၊ သူပျောက်ရင် ခဏ ၁၂ နာရီလောက်ပဲ၊ နောက်ပြန်ပေါ်လာတာပဲ။ အဲဒီရောဂါဟာ ငါဘုရားနဲ့တကွ သတ္တဝါတွေကို နေ့ရှိသမျှ အနှိပ်စက်ဆုံးပဲလို့ ဗုဒ္ဓဟောပြထားတာ ရှိတယ် ဒကာကြီးတို့...၊ မွေးရာပါ ရောဂါဆိုးပဲ။

ဒကာ။ ။ ဘယ်လိုရောဂါမျိုးလဲ ဆရာတော်၊ ဘုရားရှင်ကိုတောင် အမြဲ နှိပ်စက်နေတယ်ဆိုတော့ ပြောပြပါဦးဘုရား။

ဆရာ။ ။ ဓမ္မပဒပါဠိတော်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် မိမိရရှိထားတဲ့ ကိုယ်ကောင်ကြီးရဲ့ နှိပ်စက်ပုံဆင်းရဲကို ၊ ဇိဃစ္ဆာ ပရမာရောဂါ လို့ ဟောကြားထားတယ်။ လောကဦ ဆာလောင် မွတ်သိပ်တဲ့ ရောဂါမျိုးထက် ဆိုးသွမ်းလွန်ကဲတဲ့ ရောဂါ ဘယ်မှာမှ မရှိပါဘူးတဲ့။ နေ့ရှိသမျှ အချိန်ကာလ ရှိသမျှ ကျွေးမွေးကုသပေးလို့လည်းပဲ မပြီးနိုင်ဘူးတဲ့။ငါဘုရားသော်မှ မိုးလင်းသည်နှင့် သင်္ကန်းတော်ရုံလို့ သပိတ်ပိုက်ပြီးထွက်ရတာ သည်ရောဂါဆိုးကြောင့်ပဲလို့ ခန္ဓာ၏ ဒုက္ခသစ္စာကို ပြတော်မူတယ်။ဒါ့ကြောင့် ဘုရားရှင်မြတ်က၊ ချစ်သားတို့ ခန္ဓာကိုယ် မလိုချင်ကြနဲ့၊ ခန္ဓာသမာ ဝေရီနတ္ထိ၊ ခန္ဓာနဲ့တူတဲ့ရန်သူဟာ ဘယ်မှာမှ မရှိဘူးတဲ့။

* * *

mgyoe.com

mgyoe.com


၁၈၈၅ မှာ ပဒေသရာဇ်စနစ် ပြည်ဖုံးကားချပြီး ကိုလိုနီကန့်လန့်ကာ ဖွင့်ခဲ့တယ်။ ၁၉၄၈ မှာ ကိုလိုနီတစ်ခန်းရပ်ပြီး ၁၉၆၂ မှာ စစ်အာဏာရှင်ဇာတ်လမ်းစခဲ့တယ်။ မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ ငြိမ်းချမ်းရေးတေးသံ ဆိတ်သုဉ်းခဲ့သလို ဒီမိုကရေစီရနံ့လည်း မသင်းပျံ့ခဲ့ပါဘူး။ ယနေ့ထိအောင်လည်း စစ်အာဏာရှင်ဇာတ်လမ်းက မဆုံးသေးပါဘူး။ အုပ်ချုပ်မှုအလွဲအမှား၊ စီမံခန့်ခွဲအချွတ်အချော်၊ မတော်မတည့် တရားဥပဒေတွေနဲ့ မအောင်မမြင် ဝါးလုံးနင်း၊ ဝါးခြမ်းနင်း ချီတက်နေတုန်းပါ။ လက်နက်ကိုင်သောင်းကျန်းသူဆိုတာ လက်နက်ပေါလို့ ပေါ်လာတာ မဟုတ်ပါဘူး။ ဖိနှိပ်မှုတွေ များလာတဲ့အခါ၊ အကျိုးစီးပွားချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လာတဲ့အခါ၊ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းလို့မရတဲ့အခါ လက်နက်ကိုင် လက်နက်ရှာလာတတ်ကြပါတယ်။ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်က ပြောလေဆိုးလေ မန်းလေပြလေ ဖြစ်နေပြီ။ နဂိုကတည်းက စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံမဟုတ်၊ နိုင်ငံတကာကုန်သွယ်မှုလည်း မကျွမ်းကျင်၊ မြေပေါ် မြေအောက် သယံဇာတတွေလည်း ပြောင်တလင်းခါပြီ။ နိုင်ငံခြားကုမ္ပဏီတွေလာရင်းနှီးမြှုပ်နှံချင်လောက်အောင် လမ်းတံတား၊ လျှပ်စစ်ကျွမ်းကျင်လုပ်သား စတဲ့ Infrastructure တွေကလည်း အဆင်သင့်မဖြစ်သေး။ ရွေးကောက်ပွဲနိုင်ပြီး အစိုးရဖွဲ့ခွင့်ရတဲ့ ပါတီခများလည်း အဆောင်အယောင်နဲ့ ရာထူးတွေသာရခဲ့ပြီး အာဏာ တကယ်မရခဲ့ပါဘူး။ ပြည်သူတွေကတော့ မျက်စိရှေ့တင် မွဲပြာကျသွားပြီး ကမ္ဘာ့အလယ်မှာ အဆင်းရဲဆုံး နိုင်ငံစာရင်းထဲ ဝင်သွားတာကို မချိတင်ကဲကြည့်ရင်း ခရိုနီနဲ့ ခိုးလို့ချမ်းသာတဲ့ လူတစ်စု သာယာနေတာကို အံကြိတ်ကြည့်နေရတဲ့ဘဝပါ။ လူတန်းစားကွာဟမှုကြီးလွန်းပြီး တရားဥပဒေမစိုးမိုးတဲ့နိုင်ငံမှာ မတော်မတရားမှုကို ဝေဖန်မိရင် အချိန်မရွေး ထောင်ကျနိုင်ပါတယ်။

အင်း... တကယ်တော့ မြန်မာလူမျိုးဟာ အလွန်မှ ရောင့်ရဲတင်းတိမ်တတ်ပြီး လူကြီးသူမ ဆရာသမားများကို ရိုသေကိုင်းရှိုင်းတတ်တဲ့ လူမျိုးပါ။ ရန်ကိုရန်ချင်း၊ လက်စားချေခြင်းတွေလုပ်ရမှာ ဝန်လေးတတ်ပြီး ခွင့်လွှတ်ကျေအေးလွယ်တဲ့လူမျိုးပါ။ အလျှုဒါန လက်နဲ့မကွာ နေရတာကို အင်မတန်

mgyoe.com

mgyoe.com


ဝါသနာထုံတဲ့လူမျိုးပါ။ ဝမ်းမီးလေး ငြိမ်းလို့ ငွေစကြေးစလေးရှင်ရင် ဘုရားဖူးလေး ထွက်ချင်တာကလွဲလို့ ဘာအလိုရမ္မက်မှ သိပ်မရှိတဲ့လူမျိုးပါ။

ခုတော့..... အသက်ရှင်ရပ်တည်ဖို့ လူတစ်ယောက်ရယ်လို့ ဖြစ်လာရင် အခြေခံအကျဆုံးဖြစ်တဲ့ စားဝတ်နေရေးကိစ္စကြီးဟာ လူဖြစ်ရတာနဲ့ မတန်လောက်အောင် ရုန်းကြကန်ကြရတယ်။ ကိုယ့်အရပ်က ရေမကြည်မြက်မနုတော့ ဟိုနေရာရေကြည်နိုး၊ သည်ဒေသမြက်နုနိုး၊ ဟိုလူကကယ်နိုး၊ သည်နိုင်ငံကကယ်နိုးနဲ့...၊ ဟူး... ဘယ်တော့များမှ ကျုပ်တို့ရွှေပြည်ကြီး ရေကြည်မှာပါလိမ့်၊ ဘယ်တော့များမှ မြက်နုမှာပါလိမ့် ။ ။

❖

mgyoe.com

mgyoe.com

# ကျေးဇူးစကား

လူရင်းအချင်းချင်းတွေ ပြောစရာမလိုပါဘူးဗျာ ဆိုပေမဲ့ ဒီစာအုပ်ကလေး ဖြစ်မြောက်အောင် အစစကူညီဆောင်ရွက်ပေးတဲ့ ကိုကျော်စိုးဝင်းကိုတော့ ကျေးဇူးစကား ပြောကိုပြောရပါလိမ့်မယ်။ လူတိုင်း ဖုံးပဲပွတ်နေတဲ့ ခုလို ကာလကြီးထဲမှာ၊ စာအုပ်ထုတ်ဝေရေးလောကကြီး ကသောင်းကနင်း ဖြစ်နေတဲ့ ခုလိုချိန်မှာ ဒီစာအုပ်ကလေးကို စာပေစိတ်အပြည့်နဲ့ ထုတ်ဝေပေးတာလည်း ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ကလေးကို အစမှအဆုံးတိုင် ဖတ်ရှုအားပေးတဲ့ စာချစ်သူတွေကတော့ ကျေးဇူးတင်ဖွယ် အကောင်းဆုံး လို့ သတ်မှတ်ပါတယ်။ ဒစ်ဂျစ်တယ်ခေတ်၊ အင်တာနက်ခေတ်ကြီးထဲမှာ ပုံနှိပ်မီဒီယာဖြစ်တဲ့ စာအုပ် စာပေလောက ဘယ်လောက်ပဲ မှေးမှိန်ကျဆင်း နေပါစေ၊ စာရေးသူနဲ့ စာဖတ်သူ အပြန်အလှန် နွေးထွေးနေမယ်၊ စာပေ တန်ဖိုးသိသူတွေ ရှိနေဦးမယ်ဆိုရင်ဖြင့် တတ်စွမ်းသမျှ၊ ကျန်းမာရေးက ခွင့်ပြုသလောက် ကြိုးစားပြီး ရေးနေဦးမှာပါ။ ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

၁၀–၁၁–၂၀၁၉။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၁ ]

အလုပ်ကနားပြီး ပင်စင်နာဘဝရောက်တော့ အချိန်အတော်များများ ပိုလာပါတယ်။ ငယ်စဉ်အလုပ်ရှိတုန်းကတော့ အလုပ်သွားလိုက် ပြန်လိုက် ဝယ်လိုက်ချမ်းလိုက်၊ ချက်လိုက်ပြုတ်လိုက်နဲ့ တစ်ပတ်တစ်ပတ် ဘယ်လိုကုန်သွားမှန်းမသိပါဘူး။ ခုတော့ ပင်စင်နာတွေရဲ့ဘဝဟာ တဖြည်းဖြည်း အထီးကျန်ဆန်လာတယ်ဆိုတာ သဘောပေါက်စပြုလာပါပြီ။ ကျန်းမာရေးကလည်း အသက်ကြီးရင့်လာတာနဲ့အမျှ ပိုကောင်းလာတယ်ဆိုတာ ဘယ်ရှိမှာလဲ။ ဟိုကနာ သည်ကအောင့်၊ ခုအကောင်း တော်ကြာခါးနာရတာနဲ့၊ သွားနာရတာနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောသလို "မူးနောက်မူးနောက်နဲ့ ဒူးဒဂေါက်(တံကောက်)တွေကလည်း မကောင်းတဲ့အရွယ်ပေကိုး" လို့ ဆိုရမယ်ထင်ပါရဲ့။ ကိုင်း... အရွယ်လေးကျန်နေတုန်း၊ ကိုယ့်အရိုးကိုယ်သယ်နိုင်တုန်း မင်း ဘာလုပ်မလဲ။ ဒီလိုပဲ ဖုန်းလေးပွတ်လိုက် တီဗီရှေ့မှောလိုက်၊ စာလေးဖတ်လိုက် စိတ်ကူးရရင် စာလေးတစ်ပုဒ်စ၊ နှစ်ပုဒ်စရေးလိုက်၊ ညနေကျတစ်ခွက်တစ်ဖလား မှောလိုက်လုပ်နေရုံနဲ့ လူ့တာဝန် လောကတာဝန် ကျေပွန်ပြီလို့ မင်း ထင်နေသလား။ အချိန်လေးတွေ ပိုလာတော့ အတွေးတွေက အတိတ်ကိုလှည့်လိုက်၊ ပစ္စုပ္ပန်ကိုရှုလိုက်၊ အနာဂတ်ကို မျှော်လိုက်နဲ့ အင်း... တယ်လည်း ဝိစိကိစ္စာများသကိုး။ တရားလေးဘာလေး ထိုင်ရ

mgyoe.com

mgyoe.com


ကောင်းမလားလို့ စဉ်းစားပြန်တော့ ပါရမီအရင့်အသန် နုံချာလှတဲ့ ဗာလာနဲ့ ကီးက မကိုက်ပြန်ဘူး။ ကုသိုလ်မရတောင် အကုသိုလ်မဖြစ်အောင် အလည်အပတ်၊ အသောက် အစား၊ အပြောအဆို အများကြီးဆင်ခြင်ရင်း ဆိတ်ဆိတ်ပဲ နေလာတာကြာပါပြီ။ ဒါတောင် ဖုန်းပွတ်ပြီး ဒေါသထွက်တဲ့အခါထွက်၊ စာအုပ်ကြီး ဘေးချပြီး ပြုံးတဲ့အခါပြုံး ခေါ်မကြားအော်မကြားနဲ့ ငေါင်တောင်တောင်ဖြစ်နေတဲ့ သူ့ယောက်ျားကို "ဂေါက်" သွားမှာစိုးလို့ ထင်ပါရဲ့။ ခရီးထွက်ပါလား၊ မြို့ထဲထွက်ပါလားပြောပေမဲ့ တစ်ခါတလေ တစ်နေကုန်လို့မှ ကားစက်မနှိုးဖြစ်တဲ့ ရက်တွေလည်း ရှိလာပါတယ်။

နှစ်လယ်လောက်ရောက်တော့ ဇနီးဖြစ်သူက လေယာဉ်လက်မှတ်ဝယ်ဖို့ အသွားလမ်းမှာ "ရှင်လည်း မရောက်တာကြာပြီ၊ ဒီတစ်ခေါက်လိုက်ခဲ့ပါလား"ဆိုတော့ ကျွန်တော်စိတ်လှုပ်ရှားသွားတယ်။ အသက်၉၀ကျော်စပြုပြီဖြစ်တဲ့ အမေကို နှစ်တိုင်း ပြန်ပြုစုနေတဲ့ဇနီးက ဒီနှစ်ခရစ္စမတ်ပိတ်ရက်မှာ သမီးနဲ့အတူ ပြန်ဦးမှာ။ သူတို့ပြန်ရင် အိမ်မှာတစ်ယောက်တည်း ပိုငေါင်ဦးမယ်။ အေး... ငါလည်းလိုက်မယ်ဆိုတော့ ဇနီးက ပြုံးတယ်။

၂၀၁၈၊ နိုဝင်ဘာ၂၉ ရက်နေ့ မနက် ကိုးနာရီခွဲထွက်တဲ့ စင်ကာပူအဲယားလိုင်းနဲ့ ရွှေပြည်ကြီး ခရီးစခဲ့ပါတယ်။ ညနေ လေးနာရီခွဲ ရန်ကုန်လေဆိပ်ရောက်တော့ လူက ပြိုင်းနေပြီ။ ဆစ်ဒနီ ရန်ကုန်ခရီး ကီလိုမီတာ ၈၂၁၉ အကွာအဝေး ၁၁ နာရီလောက် လေယာဉ်ပေါ် ပုံစံထိုင်လိုက်ရတော့ အသက်ကြောင့်ထင်ပါရဲ့။ ပင်ပန်းတယ်။ မတွေ့ တာ သုံးနှစ်ရှိပြီဖြစ်တဲ့ ကျွန်တော့်အစ်ကိုနဲ့ သူငယ်ချင်း ဇော်မင်းဦး လာကြိုပါတယ်။ သူတို့နဲ့ စပ်မိစပ်ရာပြောရင်း လမ်းဘေးဝဲယာကို ကျွန်တော်အကဲခတ်နေမိပါတယ်။ သုံးနှစ်အတွင်း ဘာတွေပြောင်းလဲသွားသလဲ၊ ဘယ်လောက်တိုးတက်သလဲ။အပေါ်ယံ ကြောပဲ ပြောင်းသလား၊ တကယ့်အနှစ်သာရကော ပြောင်းသလား။ ဒါတွေ သိချင်နေ တယ်။ တည်းခိုမယ့် ကျွန်တော့်အစ်ကိုတိုက်ခန်းရှိရာ ရန်ကင်း မိုးကောင်းလမ်း ဆိုတာ တကယ်တော့ ဘာမှဝေးလှတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကားတွေကြပ်ပြီး ယာဉ်ကြော ပိတ်ဆို့နေတာနဲ့ လမ်းပေါ်မှာပဲ အချိန်တွေကုန်နေပါတယ်။ ရုံးဆင်းချိန်မို့ ဒါလောက် ကြပ်တာလားလို့ မေးကြည့်တော့ ဇော်မင်းဦးက မဟုတ်ဘူး အစ်ကို ဒါ ပုံမှန်ပဲ။ ရန်ကုန်မှာ ကားမောင်းရင် စိတ်ရှည်သည်းခံ အမြန်မလိုမှ ဖြစ်မယ်တဲ့။

ကြည့်စမ်း... ကားတွေကားတွေ... သူ့ lane နဲ့သူ စည်းကမ်းရှိရှိ မောင်းနေ ကြတာ မဟုတ်ဘူး။ သူ့ထက်ငါ အတင်းကြီး သူများလိုင်းထဲ တိုးဝင်သူကဝင်၊ ဟွန်း

mgyoe.com

mgyoe.com


တတီတီ တီးသူကတီး ကားကြိုကားကြားထဲက ပွတ်ကာသီကာ လမ်းဖြတ်ကူးသူက ကူး။ ယာဉ်မောင်းနဲ့ ဘေးချင်းယှဉ်စီးလာတဲ့ ကျွန်တော့်မှာ ရင်တွေပန်းတွေတုန်။ ပါးစပ်ကလည်း တဟဲ့ဟဲ့နဲ့ စိတ်ချပါ မတိုက်ပါဘူး၊ ရန်ကုန်မှာတော့ ဒီလိုမှ မမောင်းရင် အိမ်ပြန်ရောက်ဖို့မလွယ်ဘူးလို့ ပြောရင်း ဖုန်းလက်ကမချတဲ့ ဇော်မင်းဦးကတော့ ဒါမျိုးရိုးနေပြီဆိုတဲ့ ပုံမျိုး။

ခရစ္စမတ်အလုပ်ပိတ်မှလိုက်လာမယ့် ဇနီးကတော့ မှာလိုက်သား။ ရှင် ရန်ကုန်မှာ ကားလမ်းကူးရင် ဂရုစိုက်၊ မျဉ်းကြားကကူးလည်း ရှင့်ကိုဘယ်သူကမှ ရပ်ပေးမှာ မဟုတ်ဘူး။ ကားကြိုကားကြားထဲက ပွတ်ကာသီကာ ရန်ကုန်သားတွေလို မကူးနဲ့။ အာဂန္တုမသာ ဖြစ်သွားလိမ့်မယ်။ မီးပွိုင့်မှာ မီးနီလို့ ကားတွေအားလုံး ရပ်မှကူး။ ရန်ကုန်မှာ တက္ကစီမောင်းလာတဲ့ကောင်ပါကွာ၊ ဒါလောက်လည်း မစိုးရိမ်ပါနဲ့ ဆိုတော့ ရှင်တို့ ဘိုးတော်ဘုရားခေတ်နဲ့ တူတာ မဟုတ်ဘူး။ ခု ရန်ကုန်မှာ ကားတွေကများ၊ လူတွေကများ ပလက်ဖောင်းပေါ် ဈေးတက်ရောင်း၊ လူတွေက ကားလမ်းပေါ်က လျှောက်၊ ရှင့်လို လမ်းလျှောက်ရင်း တွေးချင်ရာတွေး ငေးချင်ရာ ငေးတတ်တဲ့လူနဲ့တော့ ဟင်း... ဟင်း။ သူပြောလည်း ပြောစရာပဲ။ ရောက်ပြီး နောက်နေ့ မြို့ထဲထွက်မယ် လုပ်တော့ တက္ကစီငှားတော့ ကားတွေက မလိုက်ကြဘူး။ ကျွန်တော်ရပ်ပြီး တားတဲ့နေရာက မြို့ထဲနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာကိုး။ ဟိုဘက်ပလက်ဖောင်းကူးပြီး ငှားမှ အဆင်ပြေမှာဆိုတော့ မိုးကောင်းလမ်းကိုဖြတ်ဖို့ ကြိုးစားတာ ဘုရား... ဘုရား... အတော် မလွယ်ပါလား။ မီးပွိုင့်လည်း မရှိ၊ မျဉ်းကြားလည်း မရှိ၊ ကားတွေက တရစပ် မရပ်မနား လာနေ၊ ကူးမယ်လုပ်လိုက် မကူးရဲတော့ နောက်ပြန်ဆုတ်လိုက်၊ ကျွန်တော့်အဖြစ်ကို သတိပြုမိဟန်တူတဲ့ ကျွန်တော်တည်းတဲ့ကွန်ဒိုက လုံခြုံရေးဝန်ထမ်းတစ်ယောက်က အစ်ကိုကြီး လာလာဆိုပြီး ကျွန်တော့်လက်ဆွဲ လာနေတဲ့ကားတွေ လက်ပြတားပြီး လိုက်ပို့မှ အဆင်ပြေသွားပါတယ်။ မောင်မင်းကြီးသား ကျေးဇူးကြီးလှပါတယ်။

မဆိုးပါဘူး။ မြို့ထဲဘက် ခေါင်းတည်လာတဲ့ကားတွေဆိုတော့ ချက်ချင်း ငှားလို့ ရပါတယ်။ ဆိုးတာက ယာဉ်မောင်း၊ ၃၃ လမ်း ဘယ်နားရှိမှန်း ကောင်းကောင်း မသိ။ လှိုင်သာယာက လမ်းတစ်ခုပြောလို့ မသိဘူးဆိုရင် ခွင့်လွှတ်နားလည်ပေးလို့ ရပါတယ်။ တက္ကစီမောင်းစားပြီး ၃၃ လမ်းတောင် ကောင်းကောင်းမသိ။ ဒီအကြောင်း ကြားကို ကျွန်တော် စိတ်မရှည်ချင်တော့ပါဘူး။ ကဲဒီမှာပဲရပ်တော့ ငါဆင်းလျှောက်သွားတာပဲ ကောင်းပါတယ်ဆိုပြီး ဆူးလေကျောက်တံတား ရဲစခန်းရှေ့မှာ ဆင်း အနေ့်ရထာ

mgyoe.com

mgyoe.com


လမ်းဖြတ်မယ်လုပ်တော့ မိန်းမစကား မြေဝယ်မကျနားထောင်မှ ဖြစ်တော့မယ်။ မီးနီလို့ ကားတွေ လေးဘီးစလုံးရပ်ပြီဆိုမှ ဟိုဘက်ပလက်ဖောင်းကို အောင်နိုင်တဲ့စစ်သူကြီးလို ရင်ကော့ကူးခဲ့ပါတော့တယ်။

ရန်ကုန်ရောက်ခိုက် ဟိုဟိုဒီဒီသွားတိုင်း တက္ကစီငှားစီးဖြစ်ပါတယ်။ သတိထား မိတာတစ်ခုက တက္ကစီဒရိုင်ဘာအတော်များများ လမ်းမကျွမ်းကြဘူး။ ကျွန်တော်လည်း တစ်ချိန်တုန်းက ရန်ကုန်မှာ တက္ကစီမောင်းခဲ့ဖူးလေတော့ သူတို့ ကြည့်ရတာ အားမရ ဘူး။ သွားချင်တဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်ပို့နိုင်တဲ့သူက ခပ်ရှား ရှား။ အူကြောင်ကြောင် သိသလိုမသိသလို၊ တချို့ကျ ခင်ဗျား လမ်းပြဗျာတဲ့။ အဲဒီ အကြောင်း တစ်နေ့စကားစပ်မိတော့ သူတို့အပြောအရ တချို့ဒရိုင်ဘာက လိုင်စင် တောင် မရှိဘူးဆိုပဲ။ အဖမ်းခံရရင် လိုင်စင်ရှိလည်း ပိုက်ဆံပေးရ၊ မရှိလည်းပေးရဆို တော့ မထူးဘူး။ လိုင်စင် မလုပ်တော့ဘူးတဲ့။ ၂၀၀၈ နာဂစ်မုန်တိုင်းကြီး နှိပ်စက်လိုက် တော့ သေသူသေ ရှင်ကျန်ရစ်သူတွေလည်းဘဝတွေပျက်ပြီး ရန်ကုန်တက် အလုပ်ရှာ ကြတော့ မိန်းကလေးတွေက ကာရာအိုကေ၊ အနှိပ်ခန်း၊ လမ်းဘေးဈေးသည်၊ အထည် ချုပ်စက်ရုံ။ ယောက်ျားလေးတွေ ကြုံရာကျပန်း၊ ဘတ်စ်ကားစပယ်ယာ၊ တက္ကစီဒရိုင် ဘာ၊ စားသောက်ဆိုင်စားပွဲထိုး၊ ဆောက်လုပ်ရေးတွေမှာ သဲသယ်ခဲသယ်ဆိုတဲ့ ဘဝမျိုး တွေမှာ ကျင်လည်ကြရတယ်။ ကျန်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တွေက အဆင် မချောရင်သာရှိမယ်၊ စားသုံးသူရဲ့ အသက်ကိုတော့ အပေါင်မထားရပါဘူး။အဲ... ဘတ်စ်ကားဒရိုင်ဘာတို့၊ တက္ကစီဒရိုင်ဘာတို့ ဆိုတာကတော့ ခရီးသည်တွေရဲ့ အသက် သူ့လက်ထဲဝကွက်အပ်ထားရလေတော့ သူမကျွမ်းကျင်ရင် အားလုံး ဖိဝိန်ချုပ်သွားနိုင် တာမို့၊ ဒါကို ယေ့ါသေးသေးသဘောထားပြီး အရည်အချင်းမပြည့်မီသူတွေကို ငွေမျက်နှာ တစ်ခုကြည့်ပြီး လိုင်စင်တွေ ထုတ်ပေးနေမယ်ဆိုရင်တော့။ ဆိုင်မဆိုင်တော့ မသိဘူး၊ ကြားမိတာတစ်ခုက ၂၀၁၈ တစ်နှစ်အတွင်းမှာပဲ ယာဉ်မတော်တဆမှုကြောင့် တစ်နိုင်ငံ လုံး လူအသေအပျောက် ၅,၀၀၀ လောက်ရှိဆိုပဲ။ စစ်ဖြစ်နေတဲ့ တိုင်းပြည်တွေတောင် တစ်နှစ်အတွင်း အဲသလောက်မသေလောက်ဘူး ထင်တာပဲ။ နောက်ပြီး ကားတစ်နေရာ စာ ရပ်ဖို့အတွက် တုတ်တပြက် ဓားတပြက် ဖြစ်ကြတာလည်း ရန်ကုန်မှာ ကားရပ်ဖို့ နေရာပြဿနာ အတော်ကြီးနေပြီဆိုတာ ထင်ရှားပါတယ်။

ယာဉ်မတော်တဆမှု ဖြစ်တယ်ဆိုတာ ယာဉ်၊ ယာဉ်မောင်းနဲ့ လမ်းတစ်ခုခု ချို့ယွင်းလို့။ ကားက ဘရိတ်ကောင်းကောင်း မမိဘူး၊ တာယာက ကတုံး(ခေါင်းတုံး)

mgyoe.com

mgyoe.com

ဖြစ်နေပြီ စသည်ဖြင့်... မော်တော်ယာဉ်ရဲ့ အားနည်းချက်။ အဲ... ယာဉ်မောင်းမှာ လိုင်စင်မရှိဘူး၊ ပိုက်ဆံပေးလုပ်ထားလို့ လိုင်စင်တော့ရှိပါရဲ့။ ကားမောင်းက မကျွမ်းကျင်ဘူး၊ နေရာအလုံအလောက်ရှိပါလျက် ပါကင်ထိုးလို့မရဘဲ ချွေးပြန်နေတဲ့ ကိုကိုမမများလည်း တွေ့ခဲ့ရပါတယ်။ အညာဘက်ရောက်တော့ ကလေးသာသာလေးတွေက ဆိုင်ကယ်စီးလို့။ ဆိုင်ကယ်ကဝစ်သောက်၊ ညကြီးစီးနေပေမဲ့ ဆိုင်ကယ်နောက်မီး မပါဘူး။ ဆိုင်ကယ်စီးရင်း ဖုန်းပြော၊ မက်ဆေ့ပို့၊ ဖြစ်တော့မှ အမယ်လေး... အဖြစ်ဆိုးလှချည့်... ဖြစ်ကုန်တာ။ သေမင်းတမန်လမ်းလို့ အမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကတော့ ပညာရှင်တွေမပြောနဲ့၊ ကျွန်တော်လို နလပိန်းတောင် ရိပ်စားမိပါတယ်။ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ရုံနဲ့ အန္တရာယ်ကင်းရင် ပညာရှင်ဆိုတာ ဘယ်လိုတော့မှာလဲ။ အမြန်လမ်းမကြီးပေါ် ညကြီးမောင်းတဲ့ ကားပေါ်လိုက်လာရင်း ဝဲယာမှောင်ပိန်းလို့။ လမ်းမီးတိုင်မရှိ။ ဆိုင်ကယ်မစီးရဘူးလို့ ကန့်သတ်ထားတယ်ကြားပေမဲ့ အမြန်လမ်းမကြီးပေါ် ဆိုင်ကယ်တွေ တဝီးဝီး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေလည်း မြင်မှာပါ။ မင်းနေပြည်တော်နဲ့ ခဲတစ်ပစ်အကွာမှာပဲ ဥပဒေကို ပေါ်ပေါ်တင်တင်ကြီး ချိုးဖောက်နေမှတော့။ တိုင်းပြည်တစ်ပြည် ကြီးပွားချမ်းသာသွားတယ်ဆိုတာ တကယ့်လက်တွေ့ အရှိတရားကို ရဲရဲကြည့် လက်တွေ့ကျကျ စဉ်းစားတွေးခေါ်မှ ဖြစ်တာပါ။ ဟန်ရေးဝါရေးပြလိုက်၊ စိတ်ကူးလေးယဉ်လိုက်၊ လေကြီးမိုးကြီးပစ်လိုက်နဲ့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး ဆိုတာလောက်တော့ ကျွန်တော်တို့ သိသင့်ပြီ။

❖

mgyoe.com

mgyoe.com

## လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၂ ]

"ကိုင်း... ကားဆရာ.. ဒီမှာပဲရပ် .."

တာမွေဈေးရှေ့ရောက်တော့ တက္ကစီပေါ်က ဆင်းလိုက်တယ်။ အစ်ကိုအားရင် ကျွန်တော့်ဆိုင် တစ်ရက်လောက် အလည်လာပါဦး ၊ တာမွေဈေးရှေ့ ဇော်မိုဘိုင်းဆို လူတိုင်းသိပါတယ်" ဇော်မင်းဦးက သူ့ဆိုင်လာဖို့ ခေါ်နေတာ ခုလမ်းကြုံတုန်း ဝင်မယ် စိတ်ကူးပြီး ကားပေါ်ကဆင်းလိုက်တော့... အားပါးပါး.. လူတွေ တစ်ယောက် ဖနောင့် တစ်ယောက် တက်မနင်းမိရုံ ။ ဟိုကြည့်သည်ကြည့်နဲ့ ဇော်မိုဘိုင်းကို ရှာလို့မတွေ့၊ နောက်ဆုံး ဖုန်းထုတ်ပြီး ငါ မှတ်တိုင်ရှေ့မှာ မင့်ဆိုင် ရှာလို့မတွေ့ဘူးဆိုမှ သူကိုယ်တိုင် လာခေါ်မှ ရောက်ပါတော့တယ်။ ပလက်ဖောင်းပေါ် တက်ရောင်းနေတဲ့ လမ်းဘေးဈေး သည်တွေရဲ့ ထီးတွေ တာလပတ်မိုးကာတွေက ကွယ်နေတော့ ဆိုင်းဘုတ်ကို ရုတ် တရက် မြင်ဖို့မလွယ်။ ဇော်မင်းဦး တည်ခင်းဧည့်ခံတဲ့ လက်ဖက်ရည်သောက်ရင်း ဆေးဘီတစ်ချက်ဖွာ့ အကဲခတ်လိုက်တော့ သူ့ဆိုင်ရှေ့ ပလက်ဖောင်းပေါ်မှာ ဒယ်အိုး ကင်းပူထဲ ဆီအပြည့်ထည့်ပြီး ဘူးသီးကြော် ဘယာကြော် ကြော်နေတဲ့ နေလောင် မျက်နှာနဲ့ မြန်မာအမျိုးသမီးကြီး။ သူနဲ့ မလှမ်းမကမ်းမှာက ကြိမ်ခြင်းကြီးထဲ အပြည့် အမောက် ထည့်ထားတဲ့ ဝက်နားရွက်၊ ဝက်နှာခေါင်း၊ ဝက်သားတုတ်ထိုးရောင်းတဲ့

mgyoe.com

mgyoe.com

စိန့်သွေးစပ်ပုံရတဲ့ အမျိုးသမီးကြီး။ သူတို့ ကျောပေးထားတဲ့ နောက်မှာက မွတ်စလင် ဆိုင် နှစ်ဆိုင်... ဗဟုယဉ်ကျေးမှု (Multi culture ) က မမျှော်လင့်ဘဲ တာမွေဈေးရှေ့မှာ လာထွန်းကား နေပါ့လားဆိုပြီး တစ်ယောက်တည်း ပြုံးမိပါသေးတယ်။ ဖော် မိုဘိုင်း ဆိုင်ရှေ့က တိုးဝှေ့သွားလာနေတဲ့ လူတွေကို ငေးကြည့်ရင်း ပလက်ဖောင်းပေါ် ဈေးရောင်းနေတဲ့ အသွေးစုံ အရောင်စုံ ပစ္စည်းမျိုးစုံ ၊ လူတန်းစားပေါင်းစုံတို့ရဲ့ နေ့စဉ် ရုန်းကန်နေရတဲ့ သူတို့ဘဝကို ဘယ်အုပ်ချုပ်သူလူတန်းစား ဘယ်ခရိုနီကမှ စာနာ နားလည်နိုင်ကြလိမ့်မယ် မထင်ဘူး။

လမ်းဘေးဈေးသည်....။ ခေတ်အဆက်ဆက် ရန်ကုန်မြို့မှာ မဖြေရှင်းနိုင်တဲ့ ပြဿနာပေါင်း မြောက်များစွာထဲမှာ ဒီလမ်းဘေးဈေးသည် ကိစ္စကလည်း ထိပ်ဆုံး တန်းမှာ ရှိပါတယ်။ မဆလခေတ်တုန်းက နေ့စားနဲ့ငှားထားတဲ့ ဂဋ္ဌုန်ဆိုတဲ့ အမည်နဲ့ နာမည်ပျက်ခဲ့ဖူးတဲ့အဖွဲ့ကို သိမီသူတို့ မှတ်မိကြပါလိမ့်ဦးမယ်။ ဂဋ္ဌုန်လာပြီဟော့ဆို ပြေးကြလွှားကြ လဲကြ ပြိုကြ။ ကားပေါ် ဗန်းတွေတောင်းတွေ ခုံတွေ အတင်းတင်၊ ဈေးသည်က အတင်းပြန်ဆွဲ၊ တချို့လည်း ကားပေါ်ပါသွား မျက်နှာငယ်လေးနဲ့ ရုံးတင် ဒဏ်တပ်။ နောက်နေ့ကျ ဒီလူဒီဈေးသည်တွေ ဒီနေရာ ပြန်ရောက်လာပြန်ရော။ နောက် တော့... ထုံးစံအတိုင်း ဂဋ္ဌုန်နဲ့ဈေးသည် ပလဲနံပသင့်ပြီး ဆက်ကြေးဆက်သထားတော့ ဂဋ္ဌုန်လာမယ်ဆို သတင်းတွေဘာတွေ ကြိုရလို့။ အဆင်ကိုပြေလို့။ နှစ်ပေါင်းများစွာ စွဲကပ်လာတဲ့ ဒီရောဂါကို ခုထိ ဘယ်အုပ်ချုပ်ရေးသမားတော်မှ ပျောက်အောင်မကုနိုင် ပါဘူး။ တချို့ကပြောတယ် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရတာ အဓိကတရားခံက လမ်း ဘေးဈေးသည်တဲ့။ အကြောင်းပေါင်းများစွာထဲက အကြောင်းတစ်ခုအနေနဲ့ မှန်သင့် သလောက် မှန်ပါတယ်။ ဒါပေမဲ့ ဒီထက်ကြီးကျယ်လေးနက်တဲ့ အကြောင်းတွေ အများ ကြီး ရှိပါသေးတယ်။ နိုင်ငံရေးစနစ် စီးပွားရေးစနစ် မြို့ပြစီမံခန့်ခွဲမှု၊ တရားဥပဒေစိုးမိုးမှု လာဘ်ပေးလာဘ်ယူမှုစတဲ့... အကြောင်းပေါင်းမြောက်မြားစွာနဲ့ ဆက်စပ်ပတ်သက် နေတယ်လို့များပြောရင် ကြီးကျယ်ရာများ ကျနေမလားပဲ။ တိုကျိုမှာ ပလက်ဖောင်း ပေါ်တက်ရောင်းတဲ့ လမ်းဘေးဈေးသည် ရှိသလား။ စင်ကာပူမှာ၊ ပေကျင်းမှာ၊ ဆစ်ဒနီမှာ၊ နယူးယောက်မှာ ဘာ့ကြောင့် လမ်းဘေးဈေးသည် မရှိသလဲ။

ရိုးရိုးလေး စဉ်းစားကြည့်ရင်.. လမ်းဘေးဈေးသည်ဆိုတာ ချမ်းသာသူ ကြေး ရည်တတ်တစ်ယောက်မှ မပါဘူး။ တစ်ဝမ်းတစ်ခါးအတွက် ဖြစ်သလို ရှာဖွေရုန်းကန် နေရသူချည်းပဲ။ သူတို့မှာ ဆိုင်ခန်းဝယ်နိုင် ငှားနိုင်လောက်တဲ့ ငွေကြေးကလည်း

mgyoe.com

mgyoe.com

မရှိ၊ ဘုစုခရုတွေနဲ့ ငုတ်တုတ်ထိုင် အငတ်ခံလို့ကလည်း မဖြစ်တော့ လမ်းဘေးမှာပဲ ဖြစ်သလို မီးဖိုလေးနဲ့ အကြော်ရောင်းသူကရောင်း၊ အဟောင်းပေး အသစ်ယူနဲ့ ကုန်စိမ်းလေး ဗန်းပေါ်တင် ရောင်းသူက ရောင်း ၊ တချို့လည်း မုန့်ဟင်းခါး အသုပ်စုံ.. စိတ်ကူးတည့်ရာ အဆင်ပြေမယ်ထင်ရာ ရောင်းရင်း လောကဓံအန်တုပြီး စားဝတ်နေရေး တံပိုးအောက် ချွေးပေါက်ပေါက်ကျရတဲ့ သူတွေပါ။ သေချာတာကတော့ အားလုံး တစ်ဝမ်းတစ်ခါးအတွက်ထက် ဘာမှမပိုပါဘူး။

ဒါဖြင့်... တခြားနိုင်ငံကလူတွေရော... အားလုံး သူဌေးတွေချည်းပဲလား။ဆင်းရဲသား လက်လုပ်လက်စား မရှိတော့ဘူးတဲ့လား။ ရှိပါသော်ကော..။ ဒါပေမဲ့ သူတို့ လမ်းဘေးမှာ အလုအယက် ဈေးရောင်းစရာမလိုတဲ့ အကြောင်းက သူတို့နိုင်ငံတွေမှာ စက်ရုံ အလုပ်ရုံ ဖွံ့ဖြိုးတယ်။ ဘာငွေကြေးအရင်းမှ မစိုက်ထုတ်ရဘဲ တစ်နေ့ ရှစ်နာရီ စက်ရုံမှာလုပ်ရင် တစ်ဝမ်းတစ်ခါးတော့ မပူရဘူး။ အဲ.... အလုပ် မလုပ်နိုင်တော့ဘူး၊ ဒါမှမဟုတ် ပြုတ်လာပြီ ဝင်ငွေမရှိတော့ဘူးဆိုရင် နိုင်ငံတော်က ထောက်ပံ့ပေးတယ်။ အသက် ၆၅ နှစ်ကျော်ပြီဆိုရင် သက်ပြည့်ပင်စင်။ မသေမချင်း အစိုးရက တာဝန်ယူ ကျွေးမွေးထားရတယ်။ ဒီတော့... အဲသလို နိုင်ငံမျိုးတွေမှာ ဘယ်သူမှ ပလက်ဖောင်းပေါ် တက် ပုလိပ်အဖမ်းခံပြီး အော်ဟစ်ဈေးရောင်းနေမှာလဲ။ အဓိကကတော့ စနစ်ပါ။ စီးပွားရေး ချွတ်ခြုံကျနေတဲ့ နိုင်ငံတွေမှာ ဆင်းရဲတဲ့ ကိုယ့်နိုင်ငံသားတွေကို တစ်ပြား တစ်ချပ်မှ မထောက်ပံ့နိုင်တဲ့အခါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းရင်း လမ်းပေါ်တက် ဈေးရောင်းတဲ့ဘဝ ရောက်ကုန်ကြတာပါ။ ဒါ့ကြောင့် ဆင်းရဲတဲ့ အာရှနဲ့ အာဖရိကနိုင်ငံ အချို့မှာ လမ်းဘေးဈေးသည်ဆိုတာ မမြင်ချင်မှအဆုံးပါ။ တစ်ချိန်က ဆင်းရဲလှပါတယ် ဆိုတဲ့ တရုတ်ပြည်ကြီး ... ခု ဖွံ့ဖြိုးကြီးပွားလာတော့ (social security) လို့ခေါ်တဲ့ ထောက်ပံ့ကြေးတွေ ပေးလာလို့ သက်ကြီးရွယ်အိုတွေ ပင်စင်လစာနဲ့ နေဝင်ချိန်ကို အေးဆေးစွာ ဖြတ်သန်းနိုင်ကြပြီ။ လမ်းဘေးဈေးသည်ကို ဖမ်းပြရုံနဲ့ ပပျောက်လိမ့်မယ် ထင်ရင် မှားလိမ့်မယ်။

သေချာတာတစ်ခုက တိုင်းပြည်တစ်ပြည် စီးပွားရေးချွတ်ခြုံကျလေ ပြည်သူတွေ ဆင်းရဲတွင်းနက်လေ၊ လမ်းဘေးဈေးသည်တွေပေါလေ... ရာဇဝတ်မှုထူပြောလေ.. နိုင်ငံရေး မတည်ငြိမ်လေ ။

နိုင်ငံရေး မတည်ငြိမ်တဲ့ နိုင်ငံတစ်နိုင်ငံကို ဘယ်ကမ္ဘာကျော် ကုမ္ပဏီကြီးတွေကမှ အမိုက်မခံလာပြီး ရင်းနှီးမြှုပ်နှံကြမှာ မဟုတ်ပါဘူး။ပြည်တွင်းစစ် အရှည်ကြာဆုံး

mgyoe.com

mgyoe.com


နိုင်ငံတစ်ခု၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အများဆုံးနိုင်ငံတစ်ခု၊ ပါတီတွေ အဖွဲ့အစည်းတွေ အမည်အမျိုးမျိုးနဲ့ မွစာတက်နေတဲ့ နိုင်ငံတစ်ခု၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ စစ်တပ်ရဲ့ဩဇာ မလွန်ဆန်နိုင်တဲ့ အစိုးရအုပ်ချုပ်နေတဲ့ နိုင်ငံတစ်ခု၊ ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး ဒေသလုံခြုံရေး အခွန်စနစ်၊ ဘဏ်စနစ်၊ ငွေကြေးစနစ်၊ အားရစရာမရှိ နိုင်ငံတစ်ခု၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုမှာ ကမ္ဘာကျော်တဲ့ နိုင်ငံတစ်ခု၊ တရားဥပဒေ မစိုးမိုးတဲ့အပြင် အာဏာရှင် ပြန်လည်အသက်သွင်းဖို့ ကြိုးစား နေတယ်လို့ ဝေဖန်ခံနေရတဲ့နေရာ။ နည်းပညာအတတ်ပညာ မထွန်းကားဘဲ ကျွမ်း ကျင်လုပ်သား ရှားပါးတဲ့နိုင်ငံတစ်ခု.....။ ဒီလိုနိုင်ငံမျိုးကို Samsung လို၊ TOYOTA လို၊ Apple လို ကုမ္ပဏီကြီးမျိုးတွေ လာရောက်ရင်းနှီး မြှုပ်နှံဖို့ဆိုတာ တော် တော်ကြီး အလှမ်းဝေးပါတယ်။ လာရင်းလာ တစ်နေ့ ရှစ်နာရီလုပ်တာတောင် ဒံပေါက် နှစ်ပွဲဖိုး လောက် လုပ်အားခပေးချင်တဲ့ အာရှသားတောသူဌေးတွေ၊ မသေမရှင် လခလေးပေးပြီး ခေါင်းပုံဖြတ်ချင်တဲ့ မပြောက်မခြောက် ကုမ္ပဏီတွေပဲ လာကြမှာပါ။ ဆင်းရဲလွန်းတော့ လည်း သိသိကြီးနဲ့ ဝင်လုပ်ကြရ။ တချို့လည်း စင်ကာပူသွား အိမ်ဖော်လုပ်၊ အညာမှာ ထန်းတက်နေတဲ့သူလည်း မတတ်သာတဲ့အဆုံး မလေးရှားမှာ၊ ထိုင်းမှာ ကြုံရာကျရာ လုပ်ရင်းနဲ့ ခုတော့ မြန်မာအမျိုးကောင်း အားကောင်းမောင်းသန် ငါးသန်းလောက် ပြည်ပမှာ အောက်ခြေသိမ်းအလုပ်တွေလုပ်ပြီး အသက်မွေးနေကြရပါတယ်။ သန်း ၅၀ ကျော်ရှိတဲ့ တိုင်းပြည်တစ်ပြည်မှာ လူ ငါးသန်း ပြည်ပထွက် အလုပ်လုပ်နေတယ်ဆိုတာ အလုပ်လုပ်နိုင်သူဦးရေနဲ့ အချိုးချကြည့်ရင် နည်းတဲ့ရာနှုန်း မဟုတ်ပါဘူး။သယံဇာတ အရင်းအမြစ်သာမက လူသားအရင်းအမြစ်ပါ ဆုံးရှုံးနေတဲ့သဘောပါ။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လိမ့်ဝင်လာပြီး အာဆီယံနှုန်းနဲ့ လုပ်အားခများ ရရင် ဘယ်သူမှ မျက်နှာငယ်ငယ်နဲ့ နိုင်ငံခြားမှာ နေမှာလဲ။ စက်ရုံ၊ အလုပ်ရုံကြီးတွေ အပြိုင်းအရိုင်း ပေါ်လာမယ်၊ တိုးရစ်ဇင်လုပ်ငန်းတွေ ဖွံ့ဖြိုးလာမယ်။ ဟိုတယ်ကြီးတွေ မိုးထိုးနေမယ်။ နည်းပညာ၊ အတတ်ပညာတွေ ခေတ်မီဆန်းသစ်လာမယ်ဆိုရင် လမ်းဘေးဈေးသည်ဆိုတာ တဖြည်းဖြည်း လျော့သွားမှာပါ။ ခုပုံနဲ့တော့... တစ်လောက အနောက်တံခါး ရခိုင်ဘက်မှာ ဘင်္ဂါလီပြဿနာလည်း ပေါ်လာရော ဘွတ်ကင်လုပ် ပြီးသားတွေတောင် cancel လုပ်ကြတော့ တိုးရစ်ဇင်နဲ့ ခရီးသွားလုပ်ငန်း "အ" သွား ရော။အကောင်းအဆိုးအားလုံးဟာ နိုင်ငံရေးနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက် နေတာချည်းပါပဲ။ ဗိုလ်ချုပ်ရုပ်တုတွေထုပြီး မြို့နယ်အနှံ့ စိုက်ထူတာလည်း နိုင်ငံရေး

mgyoe.com

 mgyoe.com


ပါပဲ။ တိုင်းပြည်ကြီးပွားရေးအတွက် ဘယ်လောက် အထောက်အကူဖြစ်သလဲ ဆိုတာကတော့ မျက်မြင်ပြည်သူတွေ ပိုသိပါလိမ့်မယ်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို လာပါလာပါ တစာစာအော်နေရုံနဲ့ လာမယ်ထင်ရင်တော့ မှားပြီ။ ငွေထုပ်ပိုက်ပြီး လိုက်ရှာမယ်လို့ပြောရင်တော့ ဒီပုဂ္ဂိုလ် စိတ်ပုံမှန်ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ ရင်းနှီးမြှုပ်နှံလို့ သင့်မသင့်ကို အသေအချာ လေ့လာတွက်ချက်ပြီး သေချာမှ လာလေ့ရှိတဲ့ စီးပွားရေးကုမ္ပဏီကြီးတွေကို လာပါလာပါ ဘယ်လောက်ခေါ်ခေါ် လှည့်ကြည့်လိမ့်မယ် မထင်ပါနဲ့။ အဲ...... တစ်ခုတော့ရှိတယ်၊ ကိုယ့်နိုင်ငံရဲ့နိုင်ငံရေးအမှားတွေ၊ ဆုံးဖြတ်ချက်အမှားတွေ၊ နိုင်ငံရေးအကျပ်အတည်းတွေ၊ အာဏာလောဘ ဇောတိုက်မှုတွေကြောင့် ပြည်သူ့ရဲ့ ထောက်ခံမှုလည်းမရ ၊ ကမ္ဘာကြီးကလည်း "ကြဉ်" လာတဲ့အခါမှာ ကိုးမိကိုးရာ ကွယ်မိကွယ်ရာ ဆရာအတင် သခင်အရွေးမှားပြီး အဲဒီနိုင်ငံကြီးများက ဝါးမျိုသွားတာကို စေတနာနဲ့ လာရင်းနှီးမြှုပ်နှံတယ်ထင်ရင်တက်တက်စင် လွဲပါလိမ့်မယ်။ ဒေါ်လာ မီလျံဘီလျံနဲ့ချီတဲ့ နိုင်ငံခြားဈေးငွေကို ၄.၅ ရာနှုန်း အတိုးနှုန်းနဲ့ယူရဲတဲ့ အစိုးရမျိုးကတော့ ကမ္ဘာမှာ သိပ်ရှိမယ်မထင်ပါဘူး။

ရန်ကုန်မှာ လေး ... ငါး ရက်နေပြီး ဟိုဟိုဒီဒီသွားလိုက်တော့ သဘောပေါက်ပြီ။ ရန်ကုန်မြို့ရဲ့ အကျယ်အဝန်းနဲ့၊ လူဦးရေနဲ့၊ ကားအစီးရေနဲ့၊ မဆံ့မပြဲ ဖြစ်နေပြီ။ တစ်နေ့တခြား တိုးပွားနေတဲ့ လူဦးရေ၊ လမ်းဘေးဈေးသည် ၊ ကားစီးရေ... နောင်ငါးနှစ်၊ ၁၀ နှစ်လောက်ဆို ...။ အခုတောင် မြို့ထဲမှာကားရပ်ဖို့ တစ်နေရာစာရဖို့အချိန်ကုန်ခံ၊ ဓာတ်ဆီအကုန်ခံ ရှာနေရပြီ။ ကားရပ်ဖို့နေရာလုရင်း တုတ်တပြက်ဓားတပြက်တွေ ဖြစ်ကုန်ပြီ။ ခရီးတွင်ရေး အမြန်ရောက်ရေးအတွက် လမ်းကြိုလမ်းကြားက အစ အတင်းဝင် အတင်းထွက်နေရပြီ။ ကားရှိလျက်သားနဲ့ ရပ်စရာနေရာအခက်အခဲကြောင့် အိမ်က ကားထားခဲ့ပြီး မြို့ထဲကို တက္ကစီငှားလာတဲ့သူတွေ ရှိနေပြီ။ အင်း...... ကားသွင်းဖို့ပဲ စဉ်းစားပြီး ကားရပ်ဖို့နေရာ၊ ယာဉ်ကြောကြပ်မယ့် ပြဿနာတွေခေါင်းထဲမရှိတော့.. နေ့စဉ် စိတ်ရှုပ်စိတ်မောနေကြရတဲ့ ရန်ကုန်မြို့ကြီးသားတွေရဲ့ဘဝကို ခံစားနားလည်ပေးလို့ ရပါတယ်။ ။

၁၆၊ ၂၊ ၂၀၁၉။

❖

mgyoe.com

mgyoe.com

# လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၃ ]

ဆောင်း ။ ရန်ကုန်ဆောင်း......။ နှင်းမကျ ၊ မြူမမြင် ၊ အနွေးထည် တင်စရာမလိုတော့တဲ့ ဆောင်းမဆန်တော့တဲ့ ရန်ကုန်ဆောင်း။ ရန်ကုန်မှာ ဆောင်းပျောက်တာကြာပြီလို့ ကြားစကမယုံ။ ခုတော့ ကိုယ်တွေ့ကြုံရပြီ။ တစ်နေ့ ရေ နှစ်ခါချိုးရ၊ တစ်ညလုံး အဲယားကွန်းဖွင့်အိပ်ရ၊ ဟိုနားသည်နားသွား ချွေးတလုံးလုံး။ ကဆုန် နယုန် ဆွေ့ဆွေ့ ခုန်တဲ့ ရာသီဆို စဉ်းတောင်မစဉ်းစားရဲ။ "ဒီလိုပဲ နေရတာပေါ့၊ နွေကျ မီးကလည်း မကြာ မကြာ ပျက်သကွ။ ပန်ကာဖွင့်မရ ၊ အဲယားကွန်း ဖွင့်မရ။ ရေတင်လို့ မရ ၊ ခြင်ကကိုက်၊ ယပ်တောင်လေး တဖျပ်ဖျပ်နဲ့၊ ဒီလိုဒုက္ခမျိုးက ကြုံဖူးသူမှ ခံစားနားလည်နိုင်တာပါ" ကျွန်တော့်အစ်ကိုက သူ့ချွေးစိုနေတဲ့ စွပ်ကျယ်အကျီလဲရင်း ရန်ကုန်နွေရဲ့ လောကငရဲ ခံစားမှုကို ညည်းပြတော့ ကျွန်တော်လည်း သက်ပြင်းချရုံမှတစ်ပါး ဘာမှ မတတ်နိုင်။ ဒါပေမဲ့ ကျွန်တော်ပဲ မျက်စိမှောက်ပြီး အဖတ်မှားသလား၊ ဦးနှောက်ကပဲ အမှတ်မှားသလားတော့ မသိဘူး၊ ရန်ကုန်တိုင်း တာဝန်ရှိသူတစ်ဦးက ပြောဆိုပဲ၊ ရန်ကုန်ဟာ နေပျော်တဲ့ နေချင့်စဖွယ်မြို့ကြီး ဖြစ်လာပြီတဲ့။ ဘယ် သတ်မှတ်စံတွေ၊ ဘယ်အခြေခံအချက်အလက်တွေအပေါ်၊ အဘယ်ကမ္ဘာ မြို့တော်ကြီးတွေနဲ့ယှဉ်ပြီး ပြောသလဲတော့ မသိဘူး။ လက်ရှိ မဟာရန်ကုန်ကတော့ ကျိုးပဲ့နေတဲ့ ပလက်ဖောင်း

mgyoe.com

mgyoe.com






ရန်ကုန်၊ ရန်ကင်းမြို့နယ်က လမ်းပလက်ဖောင်း

တွေ၊ ပုပ်ပွန်းစော်နေတဲ့ လမ်းဘေးအမှိုက်ပုံတွေ၊ ကိုက်တတ်တဲ့ ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်တွေ၊ မြို့ကျက်သရေကို မဲ့စေတဲ့ သူတောင်းစားတွေ၊ လမ်းလျှောက်စရာနေရာမရှိလောက်အောင် ပိတ်ဆို့နေတဲ့ လမ်းဘေးဈေးသည်တွေ၊ စည်းကမ်းမဲ့မောင်းနေတဲ့ ယာဉ်တွေ၊ အများပြည်သူနားမချမ်းသာအောင် တဗွီဗွီမြည်နေတဲ့ လော်စပီကာတွေ၊ ခြင်အများပျော်စံရာ ရေမစီးတဲ့ မြောင်းပုပ်တွေ၊ ညဆို တစ်ယောက်တည်း မထွက်ရဲလောက်အောင် လုံခြုံမှုကင်းမဲ့နေတာတွေ၊ မူးယစ်ဆေး၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံး၊ ကာရာအိုကေ၊ မာဆတ်၊ မာစွပ်တွေနဲ့ အကွပ်မဲ့ကြမ်း ဖြစ်နေတာတွေကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် မဖြေရှင်းနိုင်သေးဘဲ ရန်ကုန်ဟာ နေပျော်တဲ့မြို့ကြီး ဖြစ်ပါတယ်လို့ ဘယ်လို ပုဂ္ဂိုလ်မျိုးကပဲပြောပြော လက်တွေ့မကျပြည်သူနဲ့ ကင်းကွာတဲ့ အမြင်အပြောမို့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ မြန်မာလူမျိုးတွေရဲ့ အားနည်းချက် အတော်များများမှာ မွေးရာပါ ဝသီလားတော့ မပြောတတ်ဘူး။ အလုပ်ထက် အပြောက ရှေ့ရောက်နေပြီး ပိုမောက်လွန်ကဲစွာ ပြောတတ်ကြလို့ လူရယ်စရာ ဖြစ်ခဲ့ပေါင်း များလှပါပြီ။ ဥပမာ... မြန်မာ့အားကစား ကမ္ဘာလွှမ်းရမည်တို့၊ နောင် ဘယ်နှနှစ်မှာ စင်ကာပူကျော်ရမည်တို့၊ ကမ္ဘာမှာ အလှဆုံး

mgyoe.com

mgyoe.com




တိုင်းပြည်တို့...။ ခုချိန်ဟာ ဝါးလုံးခေါင်းထဲမှာ ကိုယ့်ဝပ်ကျင်းလေးထဲမှာပဲ အဟုတ်ကြီးထင်နေလို့ မရတော့ပါဘူး။ ကိုယ့်နွားကိုယ်ချောတယ်ပြောရုံနဲ့ တကယ်နွားချောကြီး ဖြစ်မလာပါဘူး။

စစ်ကြီးပြီးစ ဂျပန်တွေ တိုင်းပြည်ပြန်လည်ထူထောင်တုန်းက သူတို့ထားတဲ့ စိတ်ဓာတ်မျိုး၊ သူတို့ ဖွဲ့လုံ့လဝီရိယမျိုးရဲ့ တစ်ဝက် ကျွန်တော်တို့မရှိခဲ့ဘဲ အကြွားသန်ရုံလောက်နဲ့တော့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ ကနေ့ စင်ကာပူ။ ကျွန်းနိုင်ငံလေး။ ဘာသယံဇာတမှမထွက်တဲ့ တံငါမြို့လေး။ ဟော... အခု ကမ္ဘာ့အချမ်းသာဆုံး ငါးနိုင်ငံထဲ စာရင်းဝင်သွားပြီ။ သယံဇာတတွေပေါ် ဖင်ခုထိုင်ထားတဲ့ ရွှေပြည်ကြီး။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းက ရုန်းမထွက်နိုင်သေးဘူး။ ဘယ်နေရာမှာ ဘာတွေညှပ်နေသလဲ အဖြေရှာသင့်ပြီ။ အာဏာရထားသူကလည်း သူ့အာဏာလက်မလွှတ်ရရေးကို ရှေ့တန်းတင်တယ်။ အာဏာလက်လွှတ်လိုက်ရတဲ့ အဖွဲ့ကလည်း အာဏာပြန်ရရေးအတွက် ဘာပဲလုပ်ရလုပ်ရဆိုတဲ့ အသိပဲရှိတယ်။ စစ်အာဏာရှင်ဒဏ် နှစ်ပေါင်းများစွာ ခံလိုက်ရတော့ လူတွေရဲ့ အတွေးအခေါ်၊ ပညာအရည်အချင်း၊ ကိုယ်ကျင့်တရားတွေ နိမ့်ကျပျက်စီးပြီး တိုင်းပြည်ကြီးပွားဖို့ထက် ကိုယ့်မိသားစု အနေအစား ချောင်ဖို့လောက်ပဲ စဉ်းစားလာကြတာ အလွန်ဝမ်းနည်းဖို့ကောင်းပါတယ်။ ဘယ်တိုင်းပြည်မှ လူချွန်လူတော် လူကောင်းတွေချည်းပဲ စုနေတယ်ဆိုတာ မရှိပါဘူး။ လူဆိုး လူယုတ် ဝေလေလေ အိုယောင်ဝါးဆိုတာ ဘယ်နိုင်ငံမှ မကင်းပါဘူး။ အဲ... အဲဒီလူဆိုးလူယုတ် ဝေလေလေတွေ ရှေ့တန်းရောက်လာပြီဆိုရင်တော့... သေချာတယ်၊ အဲဒီနိုင်ငံမျိုး ဆင်းရဲတွင်းက ဘယ်တော့မှ မတက်တော့ဘူး။ ရေးလက်စနဲ့ ရေးပါရစေဦး။

ကနေ့ ကမ္ဘာ့မြို့ကြီးတိုင်း ကားလမ်းပိတ်ဆို့တဲ့ ပြဿနာ ရှိကြပါတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

စင်ကာပူမှာ Traffic ပြဿနာကြီးကြီးမားမား မရှိဘူး။ အစိုကကတော့ စနစ်ပါပဲ။ ဆီးရှက်လောက်ရှိတဲ့ စင်ကာပူမြို့မျိုးကို ကားဖိုးတတ်နိုင်တိုင်း ကားဝယ်ခွင့်ပြုလိုက်ရင် စင်ကာပူမှာ ခြေချစရာနေရာတောင် ရှိမှာမဟုတ်ဘူး။ ဒီတော့ အစိုးရက စနစ်တစ်ခု ဖန်တီးရတယ်၊ ကားဝယ်ချင်ရင် ကားဝယ်ခွင့်ပါမစ်တစ်စောင် ရှိရမယ်။ ကားအင်ဂျင် အကြီးအသေး၊ ကားအဟောင်းအသစ်တွေပေါ် မူတည်ပြီး ပါမစ်တစ်စောင် ၂၀,၀၀၀၊ ၃၀,၀၀၀ ကနေပြီး ၇၀,၀၀၀၊ ၈၀,၀၀၀ အထိ ရှိတယ်။ အဲဒီပါမစ်ရဲ့ သက်တမ်းက ၁၀ နှစ်ပဲရှိတာမို့ ကားအသစ်တစ်စီးဝယ်ပြီး သံချေးကိုက်အောင် မောင်းမယ်လို့တော့ စိတ်မကူးနဲ့။ ၁၀နှစ်ပြည့်ရင် ပြီးပြီ၊ သက်တမ်းကုန်ပြီ။ ဆက်စီးချင်သေးရင် ပါမစ် အသစ် ထပ်ဝယ်၊ ကားတစ်စီးရဲ့တန်ဖိုးကလည်း ဆစ်ဒနီမှာ ၃၀,၀၀၀ မပြည့်တဲ့ Toyota ကားမျိုးကို စင်ကာပူမှာဝယ်ရင် ၅၀,၀၀၀ အထက်မှာ ရှိတယ်။ ဒီတော့ ပါမစ်နဲ့ကားဖိုးပေါင်းရင် ကားအသစ်တစ်စီးဝယ်စီးချင်ရင် ဒေါ်လာ ၁၀၀,၀၀၀ ကျော် မရှိဘဲနဲ့ စိတ်ကူးယဉ်လို့ မရဘူး။ ဆိုလိုတာက စင်ကာပူမှာ တော်တော့်လူ ကားမစီး နိုင်ဘူး။ အစိုးရက ကားစီးရေကို ထိန်းချုပ်ထားပြီး ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ရ လေအောင် သူ့နည်း သူ့ဟန်နဲ့ စီမံရတာပဲ။ ကားမရှိမဖြစ်တဲ့သူ၊ အလွန်ချမ်းသာတဲ့ သူတွေလောက်ပဲ ကားဝယ်စီးကြပြီး သာမန်ပြည်သူတွေကတော့ Public transport ကိုပဲ အားထားကြရတယ်။ အစိုးရကလည်း ပြည်သူတွေ စိတ်မညစ်ရလေအောင် ဘတ်စ်ကား၊ ရထား၊ တက္ကစီအားလုံး အလွယ်တကူ အဆင်ပြေအောင် စီစဉ်ပေးထား တယ်။ စင်ကာပူမှာ လူတွေ၊ အိမ်ရှင်မတွေ အလုပ်က ပြန်လာမှ ချက်ဟယ် ပြုတ်ဟယ် မလုပ်ကြတော့ဘူး။ ရပ်ကွက်တိုင်းလိုလိုမှာ Hawker လို့ခေါ်တဲ့ စားသောက်ဆိုင် တန်းတွေရှိပြီး ဘီယာကအစ၊ ဟင်းမျိုးစုံ တစ်နေရာတည်းမှာ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်စားလို့ရတယ်။ ဒီတော့... လမ်းဘေးဈေးသည်ဆိုတာ ရှိဖို့မလိုတော့ဘူး။ ရွှေပြည် ကြီးက ဆရာကြီးများ စီမံခန့်ခွဲပုံ ကောင်းလိုက်ပုံက ဈေးသည်တွေ ကမ်းနားလမ်းဘက် ပို့လိုက်တော့ ဆိုင်တွေခမျာ ကျိုးနဲ့ဖုတ်ဖုတ်။ ဟိုတုန်းက စည်ကားလှတဲ့ လေဟာ ပြင်ညဈေးကို လွမ်းမိသေးတော့။

ခရီးပန်းလာပြီး နွမ်းနယ်ပုံရတဲ့ ကျွန်တော့်ကိုကြည့်ပြီး ကျွန်တော့်အစ်ကိုက "မင်း အနိုပ်ခံမလား"လို့မေးတော့ "သိပ်ကောင်းတာပေါ့" လို့ မဆိုင်းမတွ ဖြေမိတယ်။ မှန်တာပြော ချမ်းသာပါစေ။ ဘယ်လို သရီးသရီစိတ်နဲ့မှ မဟုတ်ပါဘူး။ ညောင်းလွန်း ညာလွန်းလို့ပါ။ ဆစ်ဒနီမှာ အနှိပ်ခံဖို့ စိတ်မကူးရဲပါဘူး။ တရုတ်တွေ၊ ထိုင်းတွေ
mgyoe.com

mgyoe.com

ဖွင့်တဲ့ မာဆတ်တွေမှာ တကယ်နှိပ်တာမဟုတ်ဘဲ ဆီလူးပြီးပွတ်တာ နာရီဝက်ကို ဒေါ်လာ ၃၀ ပေးရပါတယ်။ အလုပ်ပင်ပန်းလွန်းလို့ ညောင်းရင် အညာက သယ်လာတဲ့ သစ်သားဘုလုံးနဲ့ ကိုယ့်ဘာသာ ဖိကြိတ်တွန်းပေတော့ပဲ။

သူတို့ခေါ်သွားတဲ့ တောင်ဥက္ကလာနဲ့ ရန်ကင်းအနီး နှစ်ထပ်တိုက်ကြီး၊ ရှေ့မှာ မိန်းကလေးအလှပြင်ဆိုင် ပြထားပြီး နောက်မှာတော့ အခန်းပေါင်းမြောက်မြားစွာနဲ့ စီးပွားဖြစ်ဖွင့်ထားတဲ့ ဆိုင်ကြီးပါ။ တရားဝင်လား၊ တရားမဝင်လားဆိုတာတော့ ကျွန်တော် မသိ။ ကျွန်တော် သတိထားမိသလောက်တော့ မဟာရန်ကုန်မှာ အဖွံ့ဖြိုး အတိုးတက်ဆုံးက ကာရာအိုကေ၊ မာဆတ်နဲ့ ဘီယာဆိုင်တွေပါပဲ။ ရန်ကုန်သားတွေ ဘီယာလည်း ကြိုက်တတ်၊ သီချင်းလည်း ဆိုတတ်၊ ညောင်းလည်း ညောင်းတတ် သကိုး။ တစ်နာရီမှ ကျပ် ၆,၀၀၀။ တချို့များ နေ့တိုင်းလာဆိုပဲ။ အနှိပ်ခံရင်း ဗဟုသုတ အနေနဲ့ စပ်စုကြည့်တော့ တစ်နာရီ ၆,၀၀၀ ဆိုပေမဲ့ သူတို့ကို အလုပ်ရှင်က ၁,၂၀၀ပဲ ရှင်းပေးတာတဲ့။ နေစရာစားစရာ ပေးထားတယ်၊ ပိုင်ရှင်ကလည်း လိုင်းကြေးတွေ၊ ပုလိပ်ကြေးတွေ၊ ဆိုင်ခန်းငှားခတွေနဲ့ဆိုတော့....။ သူတို့ခမျာ ဆိုင်ကပေးတဲ့ လုပ်အားခ ထက် လာအနှိပ်ခံတဲ့ ဖောက်သည်တွေရဲ့ မုန့်ဖိုးကိုပဲ အဓိက ထားရတာ။တချို့ကျ မူးမူးရူးရူးနဲ့ ၁၀,၀၀၀ ၊ ၂၀,၀၀၀ ပစ်ပေးတာရှိပေမဲ့ အစ်ကိုကြီးရယ် မလွယ်ပါဘူး။ လက်က သရမ်းချင်သေးတော့ တော်တော်သည်းခံရတယ်။ အင်း..... လုပ်စားရတာ မလွယ်ပါ့လား။ ပြောရင်း အလုပ်မပျက်နှိပ်နေတဲ့ ကောင်မလေးကို အငေးသား ကြည့် နေမိတယ်။ ကြည့်ရတာ ရိုးပုံရိုးလက်ပါ၊ တောရုပ်ကလေးတောင် မပျောက်ချင်သေး။ ဝါးခယ်မဘက်ကတဲ့။ အဖေမရှိတော့၊ အမေက တောမှာ။ ဒီကရတဲ့ ပိုက်ဆံနဲ့ အမေ့ ဆေးဖိုး၊ ညီမလေး ကျောင်းစရိတ် ထောက်ရတယ်တဲ့။ ဇာတ်နာအောင် ပြောနေတာ လား တကယ်လားဆိုတာတော့ ကျွန်တော် မသိ။ ကြားရတာ စိတ်တော့မကောင်း။

လူတန်းစားကွာဟမှု သိပ်ကြီးတဲ့နိုင်ငံတွေမှာ၊ အများစုကြီးက ဆင်းရဲတွင်း သိပ်နက်နေရင် လူလူချင်း ခိုင်းစေ နှိပ်စက်တတ်ကြပါတယ်။ လူ့လုပ်အားကိုလည်း ဈေးပေါပေါနဲ့ ရတတ်ကြပါတယ်။ အိမ်ကား ဒရိုင်ဘာ၊ ဂေါက်အိတ်ထမ်းတဲ့သူ၊ အိမ်ဖော် သြစတြေးလျမှာ ရှာလို့မရပါဘူး။ မြန်မြန်ဆန်ဆန်ကြီး ဖွံ့ဖြိုးတိုးတက်လာတဲ့ ကာရာအိုကေနဲ့ အနှိပ်ခန်းယဉ်ကျေးမှုတွေကြောင့် ဘဝပျက်သွားတဲ့ ကလေးမလေးတွေ ရှိသလို အိမ်ထောင်ပျက်သွားတဲ့ အမျိုးသားတွေလည်း အများကြီးတဲ့။ ကြာတော့... လူတွေပဲလေ..။ နဲ့ပါများတော့ ငြိကုန်ကြတာပေါ့။ ရုပ်ကလေး သနရုပ်ပရှိတော့
mgyoe.com

mgyoe.com
ကလေးမလေးခမျာ ငွေနဲ့အမြှုပ်ခံရ၊ ကယ်တင်ရှင်ကြီးသဖွယ် အပြောကောင်းသူကို ယုံစားမိတော့ မယားငယ်တွေဖြစ်။ တချို့ ညကြီးသန်းခေါင် မူးမူးရူးရူးနဲ့ရောက်လာ။ သူမှသူ၊ သူနဲ့မှ အနှိပ်မခံရရင် ခုပဲ လဲသေတော့မယ့်ပုံမျိုး၊ ပြီးတော့ တခေါ်ခေါ်နဲ့ အိပ်ပျော်။ တချို့ကျ ဘောလုံးပွဲကို တီဗီကြည့်ရင်း အနှိပ်ခံ၊ ဘေးမှာ ဘီယာပုလင်းနဲ့ လောကစည်းစိမ်အပြည့်ယူရင်း ဘောပွဲအောင်ရင် ရော့...၊ အင့် ဆို အထပ်လိုက်ပေးခဲ့တော့ ကလေးမလေးတွေကလည်း ဒီလူကြီးလာပါစေပဲ ဆုတောင်းနေတော့တာ။ နောက်တော့ ဇာတ်လမ်းတွေ ရှုပ်ကုန်။

အင်း... ခေတ်ရဲ့စနစ်ရဲ့ သားကောင်တွေ...။ ငွေရှိရင် ဘာမဆိုလုပ်လို့ရတဲ့ တိုင်းပြည်မျိုးမှာ ဆင်းရဲတဲ့ သမီးပျိုလေးတွေရဲ့ဘဝဟာ ကြိုးတန်းပေါ် လမ်းလျှောက်ရသလို အချိန်မရွေး ယိမ်းယိုင်ပြိုလဲသွားနိုင်တယ်။ စာသံပေသံနဲ့ ကြီးကြီးကျယ်ကျယ် လေးပြောရရင် "ပစ္စုပ္ပန် အာဟာရ ပရိယေသိက ဒုက္ခ" လက်ရှိဘဝမှာ စားဝတ်နေရေး အတွက် ရှာဖွေဖန်တီးရတဲ့ ပင်ပန်းဆင်းရဲခြင်းလို့ပဲ ဆိုကြပါစို့။ ။

၂၅ ၊ ၂၊ ၁၉။

❖

mgyoe.com

mgyoe.com

## လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၄ ]

နှစ်နာရီလောက် အနှိပ်ခံလိုက်ရတော့ လူက ပေါ့ပါးလန်းဆန်းလာတယ်။ ညစာမစားခင် မှိုဝဲလာတဲ့ ယမကာတန်ခိုးလည်း ဘယ်ရောက်သွားမှန်းမသိတော့။ ကဲ… ကာရာအိုကေ သွားကြမယ်တဲ့။ တောသားမြို့ရောက်ဆိုတော့ ရန်ကုန်သားလူလည်နှစ်ယောက်က မြို့အနံ့လိုက်ပို့ပြီး တွေ့လား တို့ရန်ကုန်လည်း မခေပါဘူးဆိုတာ ပြချင်ဟန် တူပါတယ်။ "မျက်စိလည်လေ ဆန်ရလေ" ဖိုးသူတော်ထုံး နှလုံးပိုက်ပြီး သူတို့ခေါ်ရာ လိုက်ခဲ့ပါတယ်။

သူတို့နဲ့ မစိမ်းတဲ့ဆိုင် ထင်ပါရဲ့။ ဆိုင်က ဧည့်ကြိုလေးတွေ ပျာယာခတ် ကြိုဆိုကြပါတယ်။ စားစရာသောက်စရာတွေမှာပြီး မကြာခင်မှာပဲ ဖိုသတ္တဝါ သုံးယောက်ကြား မသတ္တဝါတွေ ဝင်ရောက်နေရာယူကြပါတယ်။ ဖျတ်ခနဲ တစ်ချက် အကဲခတ်ကြည့်တော့ ရုပ်တွေက လွမ်းလောက်စရာ မရှိပေမဲ့ ဖိုသတ္တဝါ ရာဂဘီလူးတွေရဲ့ အိတ်ကပ်ထဲက ဖွတ်ကလိဒင်္ဂါးထွက်လာဖို့ အတတ်နိုင်ဆုံး (sexy) ဖြစ်ဖို့ကလည်း လိုသေးသကိုး။ တချို့က စကတ်တိုတို၊ တချို့က ဘောင်းဘီတိုတို။ ဒီလိုနေရာမျိုးမှာ ဘီးစပတ်နဲ့ ထိုင်မသိမ်းဝတ်လို့ ဘယ်အဆင်ပြေပါ့မလဲ။ ဘီယာလေး ဘာလေး သောက်ပြီး ကိုယ်ငယ်ငယ်က အသည်းစွဲခဲ့ရတဲ့ ကိုသန်းလှိုင်တို့၊ သန်းဖေလေးတို့

mgyoe.com

သီချင်းလေး တစ်ပုဒ်၊ နှစ်ပုဒ်လောက် ဟဲလိုက်ရရင် အခု ဘေးမှာထိုင်နေတဲ့ နှုတ်ခမ်းနီရဲရဲ၊ ပန်းနီရဲရဲတွေ ကျွန်တော့်အတွက် မလိုပါဘူး။ သူတို့အလုပ်ရဲ့ ထုံးစံထင်ပါရဲ့။ ညစာပြီးခဲ့ပြီမို့ ဘာမှဟုတ်တိပတ်တိ မစားနိုင်ပေမဲ့ စားစရာတွင်တွင်မှာပြီး တော်တော်လည်း သောက်နိုင်ကြတဲ့ မိန်းကလေးတွေပါ။ ဘီယာလောက်ကတော့ ပျင်းတောင်ပျင်းသေးဆိုပဲ။

တစ်ဆောင်းသစ်ပြန်ပြီ။ ငယ်ငယ်က ပါးစပ်ကမချခဲ့တဲ့ သီချင်း၊ ပြီးတော့ "မလွမ်း ဘယ်သူနေပါ့မယ်"။ အဲဒီ သီချင်းတွေ ကြားဖူးလားမေးတော့ ကလေးမလေးတွေ ခေါင်းရမ်းတယ်။ အရှိန်လေးနည်းနည်းရလာတော့ ခေတ်ဟောင်းဟဲချင်တဲ့စိတ်က ကြွလာတယ်။ ဒါနဲ့ ပြည်လှဖေ ရှာပေးစမ်း၊ ဦးဘညွန့် ရှာပေးစမ်း ပြောမိတော့ သူတို့ခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ဒီလူကြီးဘာတွေ လာပြောနေပါလိမ့်ပေါ့။ ပြည်လှဖေလည်း မရှိဘူး၊ လက်ပံတန်းလှဖေလည်း မသိဘူးတဲ့။ ပြတ်ကရော။ တစ်အောင့်လောက်ကြာတော့ ဇော်မင်းဦးက အရက်တစ်စက်မှ မသောက်ဘဲ ရေသောက်ပြီး သီချင်းတစ်ပုဒ် ဟဲပါလေရော။ အဲဒီကျမှ လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်လာတယ်။ နေပါဦး မသိလို့မေးပါရစေ၊ အဲဒီသီချင်း ဘယ်သူဆိုတာတုံး.... မနောလေ... ဟာ ...အစ်ကိုကြီး မသိဘူး.. သိပ်ဟော့တဲ့ သီချင်းလေ၊ ဗိုလ်အောင်ဒင်ဆိုတာ....။ အင်း... မျိုးဆက်ကွာဟမှုလို့ပဲ ဆိုကြပါစို့။ သူဆိုတဲ့သီချင်း ကိုယ်မသိ၊ ကိုယ်ဆိုတဲ့သီချင်း သူ စိတ်မဝင်စား။ ကာလယန္တရားကအသိတွေ၊ အကြိုက်တွေ၊ အတွေးအခေါ်တွေ ခံစားမှုတွေ၊ တန်ဖိုးထားမှုတွေကို ပိုင်းဖြတ်ပေးနေမှန်း သေရည်နဲ့ ရာဂခိုးငွေ့ မွှန်နေတဲ့ အခန်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း တွေးမိတွေးရာ တွေးနေမိပါတယ်။ ပုရိသယောက်ျားကြီးတွေကြားထဲ ဝင်ခလုတ် ထွက်ခလုတ်နဲ့ အတို့အဆိတ်၊ အပွေ့အဖက်ခံ ဝန်ဆောင်မှုပေးနေကြတဲ့ ဒီမိန်းကလေးတွေကို မိကောင်းဖခင်သားသမီးလို့ ဘယ်သူကမှ သဘောထားမှာမဟုတ်ပေမဲ့ အားလုံးကို ကြေးစားအပျက်တွေလို့လည်း ပြောလို့ ရမယ်မထင်ဘူး။ သေချာတာကတော့ လက်ကြောမတင်းဘဲ ငွေကို လွယ်လွယ်ရတဲ့ ဖြတ်လမ်းမှာ သာယာနေကြတဲ့သူတွေလို့ပဲ ပြောရမယ် ထင်ပါရဲ့။ နိုင်ငံခြားမှာလည်း ဒီလိုမိန်းကလေးတွေ အများကြီးပါ။ အရက်၊ မူးယစ်ဆေး၊ လိင်ကိစ္စတွေနဲ့ ထွေးလုံးရောပတ်ပြီး နောက်ဆုံး ဘဝပျက်တော့တာပါပဲ။ တိုင်းပြည်တစ်ပြည် ချွတ်ချုံကျပြီဆိုရင် မိန်းကလေး၊ ကလေးနဲ့ သက်ကြီးရွယ်အိုတွေ ထိပ်ဆုံးက ဒုက္ခရောက်ကြရတာ ဓမ္မတာပါ။ ပုရိသယောက်ျားတွေ ကာမဂုဏ်အာရုံ ခံစားပျော်ပါး

mgyoe.com

mgyoe.com


ရာ ဇိမ်ခန်း၊ အနှိပ်ခန်း၊ နိုက်ကလပ် ဖော်ချွတ်ကလပ်တွေဆိုတာ ကမ္ဘာ့မြို့ကြီးတိုင်း လိုလိုမှာ ရှိကြပါတယ်။ ဒါပေမဲ့ စည်းလေးကမ်းလေးတော့ ရှိသင့်ပါတယ်။ စာသင် ကျောင်း၊ ဘာသာရေး အဆောက်အဦ၊ လူနေရပ်ကွက်နဲ့နီးတဲ့ နေရာတွေမှာ ဖွင့်ခွင့်မပေး ပါဘူး၊ ခြွင်းချက်ကတော့ လောင်းကစားမြို့တော် ဗီးဂတ်စ်တို့၊ မကာအိုတို့မှာတော့ ပေါ်ပေါ်တင်တင်ပါပဲ။ လောင်းကစား၊ အသောက်အစား မူးယစ်ဆေး၊ အပျော်အဖော် မိန်းမဆိုတာတွေနဲ့ လုံးထွေးနေတဲ့သူ ဘယ်တော့မှ မကြီးပွားသလို စိတ်ချမ်းသာမှု အစစ်အမှန်လည်း မရနိုင်ပါဘူး။ ပုထုဇဉ်မို့ ကာမဂုဏ်အာရုံတွေနဲ့ မကင်းဘူး ဆိုသော်ငြား ထိန်းချုပ်နိုင်ရင်တော့ ကိုယ့်ကျန်းမာရေး၊ မိသားစုပျော်ရွှင်မှု ငွေကြေး စုဆောင်းနိုင်မှုဆိုတဲ့ အကျိုးတွေ ခံစားရပါလိမ့်မယ်။

ကျန်တဲ့နေရာတွေမှာ ပိုက်ဆံ ရှားချင်ရှားမယ်။ KTV မှာတော့ ငွေစက္ကူတွေ ဖွေးဖွေးလှုပ်နေတာပါပဲ။ ကိုယ့်မိန်းမနဲ့ ကိုယ့်မိသားစုအပေါ် နမြောတွန့်တိုကောင်း တွန့်တိုမယ်။ ကာရာအိုကေမှာတော့ ဘီလ်ဂိတ်တောင် သူ့လောက် ချမ်းသာမယ် မထင်ရဘူး။ ကားပေါ်ရောက်တော့ ဗဟုသုတရအောင် စပ်စုကြည့်တော့ တစ်နာရီ တစ်ဆက်ရှင် ၁၀,၀၀၀။ ဒါက အပေါဆုံးနော်၊ တချို့ ၂၀,၀၀၀၊ ၃၀,၀၀၀ ။ ဘီယာ အစားအသောက် အပြင်ဈေးထက် နှစ်ဆပဲ။ ကလေးမလေးတွေ မုန့်ဖိုးကတော့ ကိုယ် ချဉ် ချဉ်သလိုပေါ့။ ကြမ်းခင်းဈေးကတော့ တစ်ယောက် ၅,၀၀၀ အနည်းဆုံး။ ကျန်တာ ကတော့ ကိုယ့်အစွမ်းအစနဲ့ကိုယ်၊ ကိုယ့်ဒေါသနဲ့ကိုယ်။ ဒီလိုနဲ့ ဘဝပျက်၊ အိမ်ထောင် ပျက်တဲ့သူတွေ အများကြီးတဲ့။ ကိုယ်ကသာ ရောက်တုန်းရောက်ခိုက် ကြုံဖူးတယ် ရှိအောင် လာခဲ့ပေမဲ့ တချို့များ ညတိုင်းလာတဲ့သူတွေတောင် ရှိသတဲ့။ ဘယ်ကရတဲ့ ပိုက်ဆံတွေနဲ့များ သုံးဖြုန်းနေကြပါလိမ့်။

အိမ်ပြန်ရောက်တော့ ညနာရီ ပြန်တစ်ချက်ကျော်ပြီ။ KTV မှာတော့ တဝုန်း ဝုန်းနဲ့ သောင်းကျန်းလို့ ကောင်းကြတုန်း။ သြော်... ရွှေပြည်ကြီး... ကျန်တဲ့နေရာတွေမှာ ကမ္ဘာကြီးနဲ့ ရင်ပေါင်မတန်းနိုင်ပေမဲ့ အပျော်အပါးဆိုရင်တော့ လာခဲ့၊ အမီလိုက်ပြ မယ်။ ဒီတစ်ခေါက် သတိထားမိသလောက် ရွှေပြည်ကြီးမှာ လက်ညှိုးထိုးမလွဲ... အတွေ့ရဆုံးကြော်ငြာက မြန်မာဘီယာနဲ့ Grand Royal အရက်ကြော်ငြာပါပဲ။ ဘုန်းကြီးကျောင်း၊ ဘုရားပရိဝုဏ် ပတ်ဝန်းကျင်တွေပါ မရှောင် တွေ့ရတော့ အင်း... မြန်မာလူငယ် ခြေတက်လေးတွေရဲ့ သောက်အား မသေးလှဘူးလို့ ခန့်မှန်းမိပါတယ်။ နိုင်ငံရှေ့ရေး ရင်လေးစရာပါ။ စိတ်ကြွဆေးတစ်ပြားကို နိုင်ငံခြားအရက် နှစ်ပက်ဖိုး

mgyoe.com

mgyoe.com


လောက်နဲ့ ဝယ်လို့ရတဲ့တိုင်းပြည်၊ ဘိန်းအထွက် ကမ္ဘာကျော်တဲ့တိုင်းပြည်မှာ "အရက်ကြော်ငြာက... ဒါလေးများ"လို့ ပြောမယ်ဆို ပြောချင်စရာပါ။ စီးကရက်ကတော့ ကမ္ဘာပေါ်မှာ ဈေးအပေါဆုံးနဲ့ ဘယ်ကလေးလာဝယ်ဝယ် ရောင်းတဲ့တိုင်းပြည်။ ကျန်းမာရေးအတွက် အာဟာရဖြစ်မယ့် ပစ္စည်းကျဈေးကြီးပြီး မရဏာစခန်း မြန်မြန်ကြွမြန်းမယ့် အရက်၊ ဆေးလိပ် မူးယစ်ဆေးတို့ကတော့ ဈေးနှုန်းချိုသာစွာနဲ့ ရနိုင်သဗျား။ လူကြီးမင်းများ... စဉ်းစဉ်းစားစားနဲ့ ဘယ်လိုထိန်းချုပ်မလဲ ဆိုတာလေးတော့ ခေါင်းထဲထည့်သင့်ပါပြီ။

မနက်လင်းတော့ အိပ်ရေးပျက်တဲ့ဒဏ်၊ ယမကာများသွားတဲ့ ဒဏ်တွေကြောင့် လူက လန်းလန်းဆန်းဆန်းမရှိ။ ဘယ်မှလည်း မသွားချင်။ မဟာရန်ကုန်ရဲ့ ပူလောင်တိုးကြိတ် ဆူပွက်ရှုပ်ယှက်ခတ်နေတာတွေနဲ့ ဝေးရာကို ပြေးချင်စိတ်ပေါက်လာပြီ။ ခပ်ငယ်ငယ် အညာတောမြို့လေးမှာနေတုန်းက ချောင်းအနောက်ဘက် တောကလူတွေမြို့ပေါ်ရောက်ရင် ဆံပင်ညှပ်တယ်၊ ဖာလူဒါသောက်တယ်၊ ခေါက်ဆွဲကြော်စားတယ်။ ခုလည်းပဲ တောသားမြို့ရောက် ကျွန်တော် ရွှေတိဂုံဘုရား တက်ဖူးတယ်။ ကြက်လျှာစွန်းဒံပေါက် စားတယ်။ ရွှေပုစွန်မှာ ဖာလူဒါသောက်တယ်၊ အနှိပ်ခံတယ်၊ ကာရာအိုကေ သွားတယ်။ တစ်ပတ်အတွင်းစုံအောင် ရောက်ပြီးပြီ။ ဘယ်သွားရပ့်။ နားအေးပါးအေး တစ်နေရာမှာ ခိုအောင်းအနားယူရင်း ကျန်တဲ့ လေးပတ်ကုန်အောင် ဘယ်မှာအဆင်ပြေနိုင်မလဲ။ ပုဂံ၊ ညောင်ဦး၊ အင်းလေး၊ တောင်ကြီး၊ မန္တလေး... ဒါက ရွှေပြည်ကြီးရောက်သူတိုင်း သွားနေကျနေရာတွေ။ ချောင်းသာ၊ ငွေဆောင်... ဆစ်ဒနီမှာတောင်တစ်နှစ်နေလို့ beach တစ်ခါ မရောက်တာ။ ပြီးတော့ ရုက်ရုက်နဲ့ဝန်ခံရရင် အညာသား ရေလည်း မကူးတတ်ဘူး။ ရေလည်း ကြောက်တတ်တယ်။ အဲ.... ဟုတ်ပြီ။ မရောက်ဖူးသေးတဲ့နေရာ၊ သွားချင်နေတာကြာပြီ။ လှိုင်ကော်... ကယားတို့ဌာနီ ငွေတောင်ပြည်။ ကန္တရဝတီအလှကို ခံစားကြည့်ချင်သေးတယ်။ ဘီလူးချောင်းက ရေစီးသံကို ကြားချင်နေတယ်။ ဘယ်မှာမှ မတွေ့နိုင်တဲ့ ရှေးဆန်လှတဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်တဲ့ လည်ပင်းမှာ ကြေးကွင်းတွေ စွပ်ထားတဲ့ ကယန်းအဘွားအိုကို မြင်ဖူးချင်တယ်။ ကယားခေါင်ရည် မြည်းကြည့်ချင်တယ်။ ။

ဖုန်းထုတ်ပြီး လှိုင်ကော်က အေးသီရိဇော်ကို လေယာဉ်လက်မှတ် နှစ်စောင်နဲ့ ဟိုတယ် နှစ်ယောက်ခန်းတစ်ခန်း ဘွတ်ကင်လုပ်ပေးဖို့ ပြောလိုက်တယ်။ အေးသီရိဇော်က ဆစ်ဒနီနေတဲ့ ကျွန်တော့်သူငယ်ချင်း ကိုမောင်ဝင်း မခင်အေးတို့ရဲ့တူမ။ ဆစ်ဒနီ

mgyoe.com

mgyoe.com


လာလည်တုန်းက ခင်မင်ကြပြီး လှိုင်ကော်ကိုလာလည်ဖို့ အမြဲဖိတ်ခေါ်နေသူ။ သူ့ဆီက လေယာဉ်လက်မှတ် အဆင်ပြေပြီဆိုတာနဲ့ ဒီဇင်ဘာ ၇ ရက်နေ့ မနက် ခြောက်နာရီခွဲထွက်တဲ့ ညလေကြောင်းနဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် လှိုင်ကော်ကို ထွက်ခဲ့ကြပါတယ်။

၂၊ ၃၊ ၁၉။

❖

mgyoe.com

mgyoe.com

## လူရောင်စုံ၊ ဘဝရောင်စုံ၊ ဒုက္ခရောင်စုံ [ ၅ ]

ရန်ကုန်–လွိုင်ကော် လေယာဉ်ခရီးက ၅၅ မိနစ်ပဲ ကြာပါတယ်။ ကားနဲ့သွားရင် ၁၀ နာရီကြာ စီးရမှာမို့ ခပ်လန့်လန့်နဲ့ပဲ လေယာဉ်စီးပြီး လွိုင်ကော်လေဆိပ်ရောက်မှ သက်ပြင်းချနိုင်ပါတော့တယ်။ ပြည်နယ်မြို့တော်လေဆိပ်က သေးသေးလေးပါ။ လေယာဉ်အတက်အဆင်းလည်း သိပ်ရှိဟန် မတူပါဘူး။ အားလုံး အေးအေးဆေးဆေး ပါပဲ။ ကားနဲ့အသင့်ကြိုနေတဲ့ အေးသီရိဇော် ခေါ်ဆောင်ရာ လမ်းတစ်လျှောက်မှာလည်း လူ၊ ယာဉ် ရှုပ်ယှက်ခတ်မနေ။ အေးဆေးငြိမ်သက်။ ဆောင်းရနံ့လေးရတော့ အပူအဆူ ကလာတဲ့သူ၊ အေးချမ်းငြိမ်သက်ခြင်းရဲ့ အရသာကို စတင်ထိတွေ့ခံစားရပြီ။ မြို့ထဲက တံတားတစ်ခုကိုဖြတ်တော့ အေးသီရိဇော်က "အဲဒါ ဘီလူးချောင်းလေ ဦး..." "သြော်..."။ မြို့လယ်ကိုဖြတ်ပြီး တသွင်သွင်စီးနေတဲ့ ဘီလူးချောင်းရေအလျဉ်နဲ့ စိတ်ကူးတွေ မျောပါသွားတဲ့ ကျွန်တော်။ နှုတ်ဖျားမှာ သီချင်းစာသားတချို့ လာရောက် ကပ်ငြိကုန်ပါပကော။ "မောင် ကြားယောင်သေးသလား... ဘီလူးချောင်းမှ ရေစီးသံ တွေ... မောင်နဲ့တွေ့စ.. ဒီစမ်းရေယဉ်ရိပ်မလေ... × × × ရေတံခွန်စေသွန်ဖြာ.... × × × စီးကျထွေထွေ..... ငွေတောင်ကယားတို့မြေ... × × × တောင်ကွဲစေတီဦး..... မောင်နဲ့မေ မဖူးရကြာပြီလေ...." ကျွန်တော်တို့ငယ်ငယ် စွဲခဲ့ရတဲ့ ချိုလွင်ကြည်မြပီသ

mgyoe.com